# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






ဝန်ကြီးဌာနအဆင့် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက တစ်ခဲနက် ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြပါရှိပါသည်။

## ၁၉ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

“မဟာဘွဲ့နှင်းသဘင် အခမ်းအနား” ကျင်းပမည် — ပြည်တွင်းသတင်း စာ ၂

စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၃) — ဆောင်းပါး စာ ၁၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ နွားများတွင် ကြက်ငှက်တုပ်ကွေးကူးစက်၍ အရေးပေါ်အခြေအနေ ကြေညာထား — နိုင်ငံတကာသတင်း စာ ၁၉

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိုရှို၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက်(မြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဝန်ကြီးဌာနအဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဝန်ကြီးဌာနအဆင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

❑ *ရွှေဖုံးမှ*

နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ-၁ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို လည်းကောင်း *စာမျက်နှာ ၄ သို့*




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဝန်ကြီးဌာနအဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ ဘရှေ ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဒေါက်တာ ဘရှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ ဘရှေက အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် (၂၃) နှစ်အောက် ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ရွှေကြာပင် အားကစားရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် ဒေါက်တာ မူထန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအနက်မှ အမျိုးသား (၆၅) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသား (၇၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသား (၆၅) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်က စစ်ကိုင်းတိုင်းဒေသကြီးကိုလည်းကောင်း၊ အမျိုးသား (၇၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်က ကရင်ပြည်နယ်ကို လည်းကောင်း အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသမီး (ကျန့်စု+ချန်းစု) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့်တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးအရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသား (နန်းသောင်း+နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (နန်းသောင်း+နန်းကွန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ချင်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ချင်းပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဦးနေလင်းအောင်က အမျိုးသား (သွေ့လျန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသမီး(သွေ့လျန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမျိုးသမီး (၄၈) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသမီး (၅၂) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး (၆၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသား (၄၈) ကီလိုတန်းဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က အမျိုးသား(၅၂) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသား (၆၅) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသား (၅၆) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ မှုထန်က အမျိုးသား (၅၆) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား(၆၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က အမျိုးသား(၆၅) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၇၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသား(၅၂) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ တွင် ပထမဆုရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

အလားတူ ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ သာမန်ပွဲကစားချိန် မိနစ် ၄၀ နှင့် အချိန်ပို ၁၀ မိနစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် ၃ ဂိုးစီ သရေရလဒ်ထွက်ပေါ်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၁၉**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယနေ့ ကျင်းပသည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲ အတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက် နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တက်ရောက်လာကြသည့်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များကို ရှင်းလင်းပြောကြားသည်။

အိမ်ရှင်ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ဘန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သီးခြားစီတွေ့ဆုံ**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ် မစ္စတာမိုဟာမက်တိုဟိဒ်ဟူစိန်နှင့် လည်းကောင်း၊ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှရီဗစ်ခရမ်မစ်ဆရီနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်ရစ် အေ မန်နလိုနှင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ဘန်ကောက်မြို့ရှိ Capella ဟိုတယ်၌ သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇေယျာသီရိမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာ၌ ကျင်းပသည့် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုး ပြန်လည်ဖြည့်ဆည်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တောင်သူများအား နွား၊ ဝက်နှင့် ဆိတ်များ လွှဲပြောင်းသည့်မှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက်ဇေယျာသီရိမြို့နယ် စည်ပင်ကြီး ကျေးရွာအုပ်စုအတွင်းရှိ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် လယ်ယာမြေများတွင် ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးထားရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စုတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဆင်သေချောင်းမှ ဆိုလာရေတင်စနစ်ဖြင့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် နေပြည်တော်အတွင်း စီမံကိန်းရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက စီမံကိန်းရည်မှန်းချက်များ ပြည့်မီစွာအကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေကုသခြင်းနှင့်ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်

**ကျိုင်းတုံ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ တီဘီရောဂါလူနာရှာဖွေကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားချက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ)တို့ ပူးပေါင်းညှိနှိုင်းစီစဉ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက တီဘီလူနာများအား ဆောလျင်စွာ ရှာဖွေကုသပေးခြင်းဖြင့် တီဘီရောဂါဖြစ်ပွားနှုန်း၊ သေဆုံးနှုန်းကျဆင်းစေရန်နှင့် ကျောင်းသားကျောင်းသူများအနေဖြင့် တီဘီရောဂါအကြောင်းနှင့် တီဘီရောဂါရှာဖွေဖော်ထုတ်ကုသမှုတို့ကို သိရှိစေရန် အသိပညာပေး ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား တီဘီရောဂါစမ်းသပ်စစ်ဆေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်-၃၁ စုပေါင်းအစည်းအဝေးခန်းမ (မြေညီထပ်) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများကို လက်ခံကျင်းပခြင်းအားဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှု မြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ / တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျားသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်း ဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့်နည်းပညာဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသိပညာပေးသည့် အပေါ် ဝန်ထမ်းများအနေဖြင့် ဗဟုသုတရရှိကာ ရှောင်ရန်၊ ဆောင်ရန် အချက်များရရှိပြီး ထပ်ဆင့်မျှဝေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း တိုက်တွန်းပြောကြားသည်။


ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်ခန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။



သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ရောဝတီတိုင်းဒေသကြီး ကျောင်းအခြေပြု တီဘီရောဂါ ရှာဖွေကုသလုပ်ငန်းများဆောင်ရွက်

**ပုသိမ် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကျန်းမာရေး ကော်မတီအစည်းအဝေးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ဆောင်ရွက်မည့် ကျောင်းအခြေပြု တီဘီရောဂါ ရှာဖွေကုသခြင်း၊ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းလုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ပြည်သူ့ကျန်းမာ) က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ကျောင်းကျန်းမာရေး ကော်မတီဝင်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့်ကွင်းဆင်းရှာဖွေခြင်း အသိပေးရှင်းလင်းပွဲ တက်ရောက်

**မကွေး ဒီဇင်ဘာ ၁၉**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်၏ ညွှန်ကြားချက်အရ ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်း လုပ်ငန်းစီမံချက် တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေမှတစ်ဆင့် ကူးစက်တတ်သည့်တီဘီရောဂါကို ကလေးနှင့်ဆယ်ကျော်သက်လူငယ်များ အများဆုံး စုဝေးရာနေရာများဖြစ်သည့် ကျောင်းများတွင် အရှိန်အဟုန်မြှင့် တီဘီရောဂါကွင်းဆင်းရှာဖွေ၍ တီဘီရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နှီးနွယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်ဦးက တိုင်းဒေသကြီးအဆင့် ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၁၉** - ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် ပဲခူးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ ဒီဇင်ဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ လုပ်ငန်းအရည်အသွေးကြီးကြပ်ရေးအဖွဲ့များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ ဆောင်း သီးနှံနှင့် နွေစပါး တိုးချဲ့စိုက်ပျိုးမည့် စီမံချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄)ကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။(ယာပုံ)



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ဒေသတစ်ခုဖြစ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အရှိန်အဟုန်ဖြင့် ထုတ်ကုန်နှစ်ဆ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စံပြမွေးမြူရေးခြံများ၊ မွေးမြူရေးဇုန်များ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာသွင်းအားစု လျှော့ချသုံးစွဲနိုင်ရန် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး ပဲလွမ်းနှင့် ပိုက်ဆံလျှော်စိုက်ပျိုးရမည်ဖြစ်ပြီး စိုက်ပျိုးရေချွေတာ၍ စနစ်တကျသုံးစွဲနိုင်ရေး သက်ဆိုင်ရာစိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကွင်းဆင်းစိစစ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများအတွက် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းမှုမရှိစေရေး ဆောင်းသီးနှံနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးမည့် စီမံချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အဓိကသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိပြီး သီးနှံများဆက်လက်ရရှိရေးနှင့် ထပ်မံ၍အမယ်သစ်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား Power Point ဖြင့် လည်းကောင်း၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးများက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးဆောင်ရွက်သွားမည့် အစီအမံများအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တင်ပြချက်များနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အကြံပြုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် စမုံရေထိန်းတမံပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက သာစည်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စမုံရေထိန်းတမံကိုယ်ထည်ကို စနစ်တကျ ဖို့ကြိတ်၍တမံပေါင်ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အကူရေပိုလွှဲ (Fuse Plug Spillway) အလျားပေ ၅၀၀ ထည့်သွင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ရေပိုလွှဲနှင့် သဲထုတ်ရေတံခါးကြံ့ခိုင်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(**အပေါ်ပုံ**)

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စမုံရေထိန်းတမံ၏ မူလရေပိုလွှဲ (Service Spillway) ပြုပြင်ခြင်းလုပ်ငန်းများ၊ အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အကူရေပိုလွှဲ (Fuse Plug Spillway) တည်ဆောက်နေသည့်အပိုင်းတွင် စိန်လွန်ကျင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပေတိုင် – ၃၇၀၀' မှ ပေတိုင်–၄၂၀၀' အတွင်း တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ ကွင်းအမှတ် (၁၃၃၂)၊ တောင်သူဦးဝင်းဇော်၏ နေကြာ လေးဧကစိုက်ကွင်းအတွင်း နေကြာပန်းပွင့်ချိန် ဝတ်မှုန်ကူးပျားပုံးများ ချထားခြင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သဘာဝဂေဟစနစ်များပျက်ယွင်းလာခြင်းနှင့် သီးနှံများစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာခြင်းတို့ကြောင့် သဘာဝအင်းဆက်များနှင့် သဘာဝပျားများ နည်းပါးပျောက်ကွယ်လာခဲ့ရာ စနစ်တကျခေတ်မီနည်းဖြင့် မွေးမြူသောပျားများသည် နေကြာသီးနှံစိုက်ပျိုးသူတောင်သူလယ်သမားများအတွက် များစွာအကျိုးပြုနိုင်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကို အထောက်အကူဖြစ်စေမည့် ဝတ်မှုန်ကူးပျားပုံးများ ထားရှိခြင်းကြောင့် သီးနှံအထွက်များတိုးနိုင်ကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုရန်အကြံပြုထားသည့် ပိုးသတ်ဆေးများကိုသာ ချိန်ဆသုံးစွဲကြရန် ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဒီဇင်ဘာ ၁၇ ရက်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒလသင်္ဘောကျင်းအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များ အထူးအလေးထားလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်ရှိသည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆောက်အအုံအတွင်း ရေအမြန်ဆုံးရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ ရေ၊ မီး၊ မိလ္လာစနစ်များ သတ်မှတ်ချက်နှင့်အညီ အမြန်ဆုံးအသုံးပြုနိုင်ရေးနှင့် တည်ဆောက်ပြီး အိမ်ရာများတွင် နေရာချထားပေးမည့်ဝန်ထမ်းများအနေဖြင့် နေထိုင်ရာ၌ ထိန်းသိမ်းမှုအပိုင်းတွင် မိမိပိုင်ပစ္စည်းကဲ့သို့ သဘောထား၍ အသေးအဖွဲပျက်စီးမှုများကအစ ချက်ချင်းအလေးထား ပြင်ဆင်နေထိုင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



# ပြည်မြို့၌ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ သုတေသနသတင်းအချက်အလက်များကောက်ယူဆောင်ရွက်

**ပြည် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ သုတေသန သတင်းအချက်အလက်များ ကောက်ယူခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းပိုင်သားဖွားခန်း၌ ဆောင်ရွက်ကြသည်။(ဝဲပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်၊ ပြည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်နှင့်အသင်းဝင်များက သတင်းအချက်အလက်များ ကောက်ယူမှုအတွက် ဖိတ်ခေါ်ထားသော ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေးဆွေးနွေး ဟောပြောပြီး သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေလုပ်ငန်း ကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် ၁၆ ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဗဟိုသမဝါယမအသင်းကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။**(ယာပုံ)**

ဦးစွာ ဒုတိယဝန်ကြီးက သမဝါယမကဏ္ဍဖြင့် စိုက်ပျိုးသော ဆီထွက်သီးနှံ(နေကြာ) စိုက်ဧက ၁၀၀၂၆၈ ဒသမ ၆၇ ဧကအတွက် ငွေကျပ် ၁၈ ဒသမ ၃၂၆ ဘီလီယံတို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ဘတ်ဂျက်ငွေနှင့် အသင်းပိုင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ပန်းတိုင်အထွက်နှုန်းရရှိရန်လိုအပ်ကြောင်း၊ ရှုရှားနိုင်ငံထုတ် ရွက်ဖျန်းသဘာဝမြေဩဇာသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့်အတွက် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေးဆပ်ရမည့် ချေးငွေကျန်များကို ယခု ဘဏ္ဍာနှစ်အတွင်းမှာ ပေးဆပ်သွားကြရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၆၃ ဘီလီယံပေးဆပ်ရမည်ဖြစ်ပြီး ယနေ့ထိ ငွေကျပ် ၁၉ ဒသမ ၇၀ ဘီလီယံ ပေးသွင်းခဲ့သည့်အတွက် ပေးသွင်းရန်ကျန် ငွေကျပ် ၄၃ ဒသမ ၃၀ ဘီလီယံအပေါ် ဘဏ္ဍာနှစ် သုံးလပတ်အလိုက်ပေးသွင်းရန် သတ်မှတ်ထားသောပမာဏများအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်သမဝါယမအသင်းစုချုပ်များက အပြေအကျေ ပေးသွင်းသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီး /ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဗဟိုသမဝါယမအသင်းကိုယ်စားလှယ်နှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ကလောမြို့၌ သဘာဝဘေးကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှချီးမြှင့်ငွေပေးအပ်

**ကလော ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ကလောမြို့နယ်ရှိ နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ရေဘေးသင့်ပြည်သူများအား ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချီးမြှင့်ငွေပေးအပ်ရာ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နေအိမ်ထိခိုက်ပျက်စီးသွားသည့် ပြည်သူ ၃၄၂ ဦး တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများအား အားပေးစကားပြောကြားပြီး ကလောမြို့နယ်အတွင်းရှိ နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ရေဘေးသင့်ပြည်သူ တစ်ဦးလျှင် ငွေကျပ် ၁၇၅၀၀၀၀ နှုန်းဖြင့် ပြည်သူ ၃၄၂ ဦးအား တစ်ဦးချင်း လက်ဝယ်အရောက် ချီးမြှင့်ငွေ ပေးအပ်သည်။

ကလောမြို့နယ်ရှိ နေအိမ်ထိခိုက်ပျက်စီး ဆုံးရှုံးသွားသည့် ရေဘေးသင့်ပြည်သူ ၁၂၄၉ ဦးရှိသည့်အနက် ယနေ့တွင် ၃၄၂ ဦးအား ချီးမြှင့်ငွေပေးအပ်ခဲ့ပြီး ကျန်ရှိနေသော ရေဘေးသင့်ပြည်သူများအား ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဘုတ်ပြင်း ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စု တောင်သူ ဦးမောင်စိုး၏ ပေါ်ဆန်းရင်စပါးမျိုးစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်း၌ ဒီဇင်ဘာ ၁၈ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါစံကွက်ကို မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်း များက ပေါ်ဆန်းရင်စပါးမျိုး ရိတ်သိမ်းကြရာ ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ဦးစီးမှူး၊ ဘုတ်ပြင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ကြည့်ရှုအားပေးကြပြီး တစ်ဧကပျမ်းမျှအစိုအထွက်နှုန်း ၇၄ ဒသမ ၈၇ တင်း၊ အခြောက်အထွက်နှုန်း ၇၂ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**



# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၁၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၊ ဗိုလ်ချုပ်ဌေးဦး(ငြိမ်း) ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက ငွေကျပ် ၂၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေါက်တာခင်ခင်ရီ(ရှိုင်းဟုပ်ကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၅၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းနှင့် ဓနုဖြူမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၁၁၀၀၀၀စီ၊ ဘဒ္ဒန္တပဏ္ဍာနန္ဒ(မြတ်ဘုန်း-တပ်ကုန်း)၊ ဦးတင်ကိုကို-ဒေါ်အေးအေးမူ (တော်ဝင်မြင်းမိုရ်ကုမ္ပဏီလီမိတက်)၊ ဆရာဝန်တင်ရွှေမိသားစု၊ ဆရာနိုင်မျိုးသစ္စာ (နမ္မတူ)၊ ဒေါ်မီမီကို (မီမီကို-အလှရပ်ဝန်း)၊ ဦးဇော်အောင်ချို (မိုးစွန်ကြယ်စာပေ)၊ ဦးသိမ်းထွန်း (စစ်ရဲအိမ်)၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ ချောင်းဆုံမြို့နယ်စာရေးဆရာအသင်း၊ တောင်ငူမြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်မြမြ(မြင်းခြံမြသိင်္ဂီ)၊ စာရေးဆရာ ကျွန်းစဉ်မြေစောခက်၊ ခရမ်းမြို့နယ် စာရေးဆရာအသင်း၊ သုံးခွမြို့နယ်စာရေးဆရာအသင်း၊ ဒဂုံမြို့နယ် စာရေးဆရာအသင်းနှင့် သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး)၊ ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို)၊ ဦးအုန်း (မောင်မောင်အုန်း-လယ်ဝေး)နှင့် ဒေါ်ယုယုမော် (ရတုမြေ) တို့က ငွေကျပ်သုံးသောင်းစီ၊ သင်းသင်းလှိုင်(တပ်ကုန်း)က ငွေကျပ်နှစ်သောင်း၊ ဉာဏ်လင်း(တပ်ကုန်း)၊ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)၊ အောင်မြတ်နိုင် (တပ်ကုန်း)၊ ကြယ်စင်မင်း (တပ်ကုန်း) နှင့် မြပုလဲ(တပ်ကုန်း)တို့က ငွေကျပ်တစ်သောင်းစီ၊ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ငွေကျပ် ၅၂၆၃၀၀ တန်ဖိုးရှိ စာအုပ်များ အသီးသီးလှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အကြို ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၃)

ဒေါက်တာမျိုးကြွယ်

**နိုင်ငံတကာစိုက်ပျိုးရေးပညာသင်ကြားသော တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော သီးခြားဌာနများ (Separate Departments)၊ အထူးပြုဘာသာရပ် အသစ်များ(New Majors/Specializations) (အဆက်)**

နိုင်ငံတကာတက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးပညာကို ပုံစံအမျိုးမျိုးနှင့် ဖွဲ့စည်းပုံ အမျိုးမျိုးဖြင့် ဆောင်ရွက်နေပါသည်။

**(၁) လူအမည်၊ ပြည်နယ်၊ မြို့/ရွာ၊ နိုင်ငံအမည် အစွဲပြုပြီး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Agricultural University/University of Agriculture) ခေါ်လေ့ရှိပါသည်။**

ဥပမာ–ဆိုကိုင်းစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် တန်ဇန်းနီးယားနိုင်ငံ (ဒုဝန်ကြီးချုပ်အမည်ကို ဂုဏ်ပြုထား) (Sokoine University of Agriculture, Morogono City, Tanzania)၊ ဘိုဂါစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဘိုဂါမြို့ အင်ဒိုနီးရှားနိုင်ငံ (ဘိုဂါမြို့ကို ဂုဏ်ပြုထား) (Bogor Agricultural University, Bogor City, Indonesia)၊ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ပန်ဂျပ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (ပန်ဂျပ်ပြည်နယ်ကို ဂုဏ်ပြုထား) (PAU – Punjab Agricultural University, Lidiana City, India)၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယူနန်စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် (ယူနန်ပြည်နယ်ကို ဂုဏ်ပြုထား) (Yunnan Agricultural University, Kunming, China)၊ ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးတက္ကသိုလ် မိုင်မဆင်းမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဂုဏ်ပြုထား) (Bangladesh Agricultural University, Mymensingh, Bangladesh)၊ တရုတ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (တရုတ်နိုင်ငံကို ဂုဏ်ပြုထား) (China Agricultural University, Beijing, China)

**(၂) မဟာဌာန (Faculty of Agriculture) အနေဖြင့် ဖွဲ့စည်းထားပါသည်။**

ဥပမာ – အော်ဂဲနစ်စိုက်ပျိုးမွေးမြူရေးမဟာဌာန ကတ်ဆဲလ်တက္ကသိုလ် ဂျာမနီနိုင်ငံ (Faculty of Organic Agricultural Sciences, University of Kassel, Germany)၊ စိုက်ပျိုးမွေးမြူရေးမဟာဌာန ကျူးရှူးတက္ကသိုလ် ဂျပန်နိုင်ငံ (Faculty of Agri–culture, Kyushu University, Fukuoka, Japan)

**(၃) စိုက်ပျိုးမွေးမြူရေးကောလိပ် (College of Agriculture) အနေဖြင့် ဖွဲ့စည်းထားပါသည်။**

ဥပမာ – စိုက်ပျိုးမွေးမြူရေးနှင့် သက်ရှိသိပ္ပံများ ကောလိပ်၊ ကော်နယ်တက္ကသိုလ် အမေရိကန်နိုင်ငံ (College of Agriculture and Life Sciences, Cornell University, Ithaca, US)၊ စိုက်ပျိုးမွေးမြူရေးနှင့်အစားအသောက်သိပ္ပံကောလိပ် ဖိလစ်ပိုင်တက္ကသိုလ်(လော့စ်ဘယ်ညို့) ဖိလစ်ပိုင်နိုင်ငံ (College of Agriculture and Food Science, University of Philippines at Los Banos, The Philippines)




စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အမှတ်တရခန်းမ။

**(၄) အဆင့်မြင့်ကျောင်း (School of Agriculture) အနေဖြင့် ဖွဲ့စည်းထားပါသည်။**

ဥပမာ – စိုက်ပျိုးမွေးမြူရေးပညာနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အစားအစာအဆင့်မြင့်ကျောင်း ကွင်းစလန်တက္ကသိုလ် ဘရစ်စဘိန်းမြို့ ဩစတြေးလျနိုင်ငံ (School of Agriculture and Food Sustainability, University of Queensland, Brisbane, Australia) စသည်တို့ဖြင့် စိုက်ပျိုးမွေးမြူရေးပညာကို အမျိုးမျိုးဖွဲ့စည်းတည်ဆောက် သင်ကြားပေးလျက် ရှိနေပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအားလုံးနီးပါး ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူသားအားလုံးအတွက် လုံခြုံစိတ်ချရသော အစားအစာနှင့် စိုက်ပျိုးမွေးမြူရေးက အရေးပါသဖြင့် တက္ကသိုလ်တိုင်း၊ သုတေသနဌာနတိုင်း စိုက်ပျိုးမွေးမြူရေးကို အလေးထားပါသည်။

ကျွန်တော်တို့နိုင်ငံ၌ ဖြည့်စွက်သင်ကြားပေးသင့်သည့် ဘာသာရပ်များ၊ ဌာနအသစ်များအကြောင်း ကျွန်တော်တစ်ဦးတည်း အကြံပြုချက်အနေဖြင့် ဆက်လက်ဆွေးနွေးပါမည်။

**(၂) B – Botany**

တက္ကသိုလ် စတင်တည်ထောင်ခါစက ရုက္ခဗေဒ၊ နောက်တော့ စိုက်ပျိုးရေးရုက္ခဗေဒ (Agri–cultural Botany) ယခုတော့ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒဌာန (Department of Plant Bree–ding, Physiology and Ecology) နှင့် ရုက္ခဗေဒဌာန (Department of Botany) များအဖြစ် ပြောင်းလဲသင်ကြားပေးနေပါသည်။

အောက်ဖော်ပြပါဘာသာရပ်များထဲမှ တချို့ကို လက်ရှိသင်ကြားလျက်ရှိသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်မည့် လိုအပ်နေသော၊ ခေတ်စနစ်နှင့်အညီ နိုင်ငံတကာတွင် ပြောင်းလဲသင်ကြားနေသော ဘာသာရပ်အသစ်များ၊ စိုက်ပျိုးရေးပညာဆိုင်ရာ ဌာနအသစ်များ များစွာလိုအပ်နေပါသေးသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တစ်ကျောင်းတည်းတွင် ဘာသာရပ်အားလုံး စုပြုံထည့်ရမည်ဟူ၍ ဆိုလိုခြင်းမဟုတ်ပါ။ သင့်တော်ရာ ဒေသအလိုက် ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များလို ခွဲဝေသင်ကြား၊ သုတေသနပြုစေလိုခြင်းဖြစ်ပါသည်။

**(၂–က) စီးပွားရေးဆိုင်ရာရုက္ခဗေဒ (Economic Botany)**

ဤဘာသာရပ်ကို ၁၉၃၇ ခုနှစ်ကတည်းက သင်ကြားခဲ့သည်ကို သမိုင်းအထောက်အထားအရဖော်ထုတ်တွေ့ရှိရပါသည်။

ပထမဦးစွာ စီးပွားရေးအရ အရေးပါသော၊ စီးပွားဖြစ် စိုက်ပျိုးနိုင်သော အပင်များကို ဆွဲထုတ်ပုံဖော်ပါသည်။ စီးပွားရေးရုက္ခဗေဒဘာသာရပ်သည် စိုက်ပျိုးပင်များသာမက သစ်တော၊ သစ်ပင်များ၊ ရေညှိ၊ ရေမှော် စသည့် အပင်မျိုးစုံအကြောင်းကို လေ့လာပါသည်။

အိန္ဒိယနိုင်ငံတက္ကသိုလ်များတွင် ဤဘာသာရပ်ကို စိုက်ပျိုးရေးအထူးပြုဘာသာ (Agriculture Major) နှင့် ရုက္ခဗေဒအထူးပြုဘာသာ (Botany Major) အပင်သိပ္ပံ (Plant Sciences) ဘာသာရပ်များ သင်ယူသူ ကျောင်းသား ကျောင်းသူများ တွဲဖက်ဘာသာရပ် (Minor Subject) အနေဖြင့် သင်ယူရပါသည်။

လက်ရှိသင်ကြားပေးနေသောတက္ကသိုလ်များမှာ –

**(၂–က–၁)** ဒေလီတက္ကသိုလ် အိန္ဒိယနိုင်ငံ (University of Delhi, India) ရုက္ခဗေဒအထူးပြုဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများတွင် သင်ကြား၊ သုတေသနပြုလျက်ရှိနေပါသည်။ ထိုမှတစ်ဆင့် ဆေးဖက်ဝင်အပင်များ (Medicinal Plants)၊ ရိုးရာဓလေ့ ဆက်နွယ်သောရုက္ခဗေဒ (Ethanobotany)၊ ရေရှည်တည်တံ့ခိုင်မြဲစွာဖြင့် အပင်အရင်းအမြစ်များကို အသုံးချခြင်း (Sustainable Plant Resource Utilization) စသည်ဖြင့် ခွဲခြားသင်ကြား၊ သုတေသနပြုလျက်ရှိပါသည်။

**(၂–က–၂)** အီလီနွိုင်ပြည်နယ်တက္ကသိုလ် အမေရိကန်နိုင်ငံ (Department of Biological Sciences, Illinois State University) ဇီဝသိပ္ပံများဌာနတွင် BSC–211 Economic Botany စီးပွားရေးရုက္ခဗေဒဘာသာအနေဖြင့် အပင်များကို စီးပွားဖြစ်အသုံးချမှုများ သမိုင်း၊ မူရင်းဒေသ၊ အမျိုးအစား ကွဲပြားမှုအမျိုးမျိုး စသည်ဖြင့် သင်ကြားလျက်ရှိပါသည်။

**(၂–ခ) စိုက်ပျိုးရေးရုက္ခဗေဒဘာသာရပ် (Agri–cultural Botany)**

စိုက်ပျိုးရေးရုက္ခဗေဒ ဘာသာရပ် ဆိုသည်မှာ လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် အထောက်အကူပြု ရုက္ခဗေဒ ဘာသာခွဲများကို အဓိကထား လေ့လာပါသည်။ အဓိပ္ပာယ်မှာ စိုက်ပျိုးရေးအတွက် အသုံးဝင်သော အပင်ရုပ်သွင်ပညာ၊ အပင်ဇီဝကမ္မဗေဒ၊ ဗီဇဗေဒ အစရှိသည်တို့ကို ဆက်စပ်လေ့လာခြင်း ဖြစ်ပါသည်။

**(၂–ခ–၁)** စိုက်ပျိုးရေးရုက္ခဗေဒဘာသာရပ်၊ စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာသိပ္ပံအဆင့်မြင့်ကျောင်း၊ ကွင်းစလန်တက္ကသိုလ် (Agricultural Botany Subject, School of Agriculture and Food Sciences, University of Queensland, Australia)

ဤတက္ကသိုလ်တွင် ကျွန်တော်မဟာစိုက်ပျိုးရေးသိပ္ပံ တက်တုန်းကတည်းက စိုက်ပျိုးရေး ရုက္ခဗေဒဘာသာရပ် (Agricultural Botany) အနေဖြင့် သင်ကြားနေခဲ့ပြီး စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူများ မှတ်ပုံတင် (Registration) တက်ရောက်နိုင်ပါသည်။ စိုက်ပျိုးရေးနှင့်ဆိုင်သော ရုက္ခဗေဒပညာများ၊ အပင်ဂေဟဗေဒ (Plant Ecology) ပညာများ သင်ကြားနေပါသည်။ ကျောင်းသား ကျောင်းသူတစ်ဦး သီးနှံမတူတာ

*စာမျက်နှာ ၁၁ သို့*

- ❁ **အပင်မျိုးမွေးမြူရေးမှ အထွက်ကောင်း၊ ရေကြီး၊ မိုးခေါင် အစရှိသော ရာသီဥတုဖောက်ပြန်ဒဏ်ခံနိုင်မှု၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အရသာကောင်း၊ အာဟာရဓာတ်များသော သီးနှံမျိုးသစ်များကို ထုတ်လုပ်ပေးခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာများပြားစွာ ထုတ်လုပ်မှုစိန်ခေါ်ချက်များကို ဖြေရှင်းပေးနိုင်**
- ❁ **မြန်မာပြည်က ကျောင်းသား ကျောင်းသူအများစုက တိုင်းပြည်မှာလိုအပ်ချက်သိပ်မရှိတဲ့ ပညာရပ်တွေကို စုပြုံတိုးဝှေ့သင်နေပြီး တကယ်လိုအပ်တဲ့ ပညာရပ်တွေကိုတော့ သင်ကြား၊ သင်ယူနေသူတွေ နည်းနေပါတယ်တဲ့။ မင်းတို့မြန်မာနိုင်ငံမှာ တကယ်လိုနေတာက စိုက်ပျိုးမွေးမြူရေးပညာရှင်တွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပညာရှင်တွေ များများမွေးထုတ်ဖို့ လိုနေပါတယ်**

*စာမျက်နှာ ၁၀ မှ*

တစ်မျိုးချင်းစီကို အဆောက်အအုံအနီး၌ အိုးကလေးနှင့် လက်တွေ့စိုက်ခဲ့ရသည်ကို အမှတ်ရနေပါသည်။ နှစ်တိုင်း နေကြာတစ်အိုးစီ စိုက်ခိုင်းပြီး အကောင်းဆုံး၊ အပွင့်အကြီးဆုံး နေကြာပန်းရသူ ဒုတိယနှစ်မှ ကျောင်းသား ကျောင်းသူ တစ်ဦးစီကို ပြိုင်ခိုင်းခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုပေးခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

ဆိုလိုသည်က စိုက်ပျိုးရေးမှာ မြေသြဇာနှင့် ရေချည်းပဲ များပြားစွာထည့်သော်လည်း အပင်ကြီးထွားမှု မကောင်းသည်ကို လက်တွေ့ပြပေးလိုက်ခြင်းဖြစ်ပါသည်။ အပင်စိုက်ပျိုးရေးမှာ စာသင်ခန်းထဲတွင် အချိန်မှန် စာတွေ့သင်ကြားသည်ထက် အားလပ်ချိန် လက်တွေ့လုပ်ရသည်က ပိုမိုခက်ခဲသည်ဆိုတာကို ပြသလိုက်ခြင်းဖြစ်ပါသည်။

**(၂-ခ-၂)** စိုက်ပျိုးရေး ရုက္ခဗေဒဘာသာဌာန ရှာအီဘင်္ဂလာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Department of Agricultural Botany, Sher-e-Bangla Agricultural University) အိမ်နီးချင်းနိုင်ငံက စိုက်ပျိုးရေးတက္ကသိုလ် တစ်ခုတွင် ဤဘာသာက သီးသန့်ဌာနဖြစ်ပြီး အထူးပြုဘာသာအနေဖြင့် ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများ ပို့ချပေးလျက် ရှိနေပါသည်။

**(၂-ဂ) အပင်ဗီဇဗေဒနှင့်အပင်မျိုးမွေးမြူရေးဌာန/ဘာသာ (Department of Plant Genetics and Plant Breeding)**

ကျွန်တော်တို့ ကျောင်းသားဘဝ ကတည်းကပင် ဆရာကြီးဦးကိုကိုကြီး သင်ကြားပေးခဲ့သော မင်ဒယ်၏ ဗီဇပညာဥပဒေ (Mendel's Law of Heredity) သင်ယူရင်း ဆရာမကြီး ဒေါက်တာနွဲ့နွဲ့ထွန်း၏ အပင်မွေးမြူရေးပညာများကို သင်ယူခဲ့ရပါသည်။ သို့သော် အလွန်အရေးပါလှသော ဤဘာသာရပ်များကို သီးခြားဌာနများ ခွဲထုတ်၍ နိုင်ငံတကာတွင် ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများပေးလျက် ရှိနေသည်ကို စိုက်ပျိုးရေးလုပ်ကိုင်သူ အားလုံးသိစေချင်ပါသည်။

အပင်ဗီဇဗေဒ (Plant Genetics) ဘာသာအတွက် နိုင်ငံတကာတွင် သင်ကြားပေးနေသော ဘာသာခွဲ၊ ဘာသာစိတ်များမှာ ဗီဇဗေဒမိတ်ဆက် (Principles of Genetics)၊ မော်လီကျူးဆိုင်ရာ ဗီဇဗေဒ (Molecular Genetics)၊ ဆဲလ်ဗီဇဗေဒ (Cytogenetics)၊ ဦးရေဗီဇဗေဒ (Population Genetics)၊ အရေအတွက်ဆိုင်ရာ ဗီဇဗေဒ (Quantitative Genetics)၊ ဂျီနူန်းနှင့်ဇီဝအချက်အလက်ပညာ (Genomics and Bioinformatics)၊ အပင်ဂျီနူန်းဖွဲ့စည်းပုံ (Plant Genome Organization and Function)၊ ဗီဇမြေပုံထုတ်ပေးခြင်း (Genetic Mapping and Marker-Assisted Selection)၊ လက်တွေ့ကျသော ဂျီနူန်းများ (Functional Genomics) စသည်တို့ များစွာရှိပါသည်။

အပင်မျိုးမွေးမြူရေး (Plant Breeding) ဘာသာအတွက် နိုင်ငံတကာတွင် သင်ကြားပေးနေသော ဘာသာခွဲ၊ ဘာသာစိတ်များမှာ အပင်မျိုးမွေးမြူရေးမိတ်ဆက် (Principles and Methods of Plant Breeding)၊ ဦးရေဆိုင်ရာ အပင်မွေးမြူရေး (Quantitative Plant Breeding)၊ သီးနှံဖွံ့ဖြိုးမှု မဟာဗျူဟာများ (Crop Improvement Strategies)၊ စပ်မျိုးအပင်မွေးမြူရေးပညာ (Hybrid Breeding)၊ မျိုးထွန်းမွေးမြူရေး (Mutation Plant Breeding)၊ ဗီဇမျိုးစေ့ရွေးချယ်ခြင်းနှင့် မျိုးထိန်းခြင်း (Germ plasm Evaluation and Conservation)၊ မော်လီကျူးဆိုင်ရာအပင်မျိုးမွေးမြူရေး (Molecular Breeding and Merker-Assisted Selection)၊ ဗီဇအင်ဂျင်နီယာပညာ (Genetic Engineering) စသည်တို့ဖြစ်ပါသည်။

**(၂-ဂ-၁)** အပင်မျိုးမွေးမြူရေးသင်ကြားရေးနှင့် သုတေသနဌာန ကယ်လ်လီဖိုးနီးယားတက္ကသိုလ် (ဒေးဗစ်) အမေရိကန်နိုင်ငံ (Plant Breeding Center, University of California) အမေရိကန်နိုင်ငံနှင့်အတူ ကမ္ဘာ့ထိပ်တန်းရောက် အပင်မွေးမြူရေး ဌာနဖြစ်ပြီး ကမ္ဘာကျော် နိုင်ငံပေါင်းစုံ အပင်မွေးမြူရေးပညာရှင်များ (World-known Plant Breeders) မွေးထုတ်ပေးသောနေရာလည်း ဖြစ်ပါသည်။

ဤနေရာမှ အပင်မျိုးမွေးမြူရေးအကယ်ဒမီ (UC Davis Plant Breeding Academy) လည်းရှိပြီး ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ အပင်မျိုးမွေးမြူရေး သီးသန့်အထူးပြုဘွဲ့များ နှစ်စဉ်ပေးအပ်လျက် ရှိနေပါသည်၊

**(၂-ဂ-၂)** ဗီဇဗေဒဌာနကြီး အိန္ဒိယစိုက်ပျိုးရေး သုတေသနဗိမာန် နယူးဒေလီ အိန္ဒိယနိုင်ငံ (Division of Genetics, IARI Indian Agricultural Research Institute, New Delhi, India)

ကျွန်တော်တို့အဖွဲ့ ရောက်ရှိလေ့လာခဲ့သော သီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ဤနေရာတွင် Agriculture ကို မွေးမြူရေးမပါဘဲ စိုက်ပျိုးရေး သီးသန့်သာဖြစ်ပါသည်။

**(၂-ဂ-၃)** အပင်မျိုးမွေးမြူရေး သင်ကြား/သုတေသနဌာနကြီး ဆစ်ဒနီတက္ကသိုလ် ဩစတြေးလျနိုင်ငံ (Plant Breeding Institute, University of Sydney, Australia) ဆစ်ဒနီတက္ကသိုလ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အပင်မျိုးမွေးမြူရေးပညာရှင်များစွာ မွေးထုတ်ပေးခဲ့သည့် သာဓကများစွာရှိပါသည်။ ကျွန်တော်တို့တက္ကသိုလ်မှ ဆရာကြီး ဦးသန်းအောင်(ကွယ်လွန်)နှင့် ဆရာကြီး ဦးမြသောင်း (အငြိမ်းစား)တို့မှာ ထိုတက္ကသိုလ်မှ သီးနှံပင်မျိုးသစ်များထုတ်လုပ်ရေး (M.Agr.Sc. - Crop Improvement) မဟာစိုက်ပျိုးရေး သိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။

လက်ရှိစိုက်မွေးဆည်ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် အပင်မွေးမြူရေးပညာ (ပါရဂူဘွဲ့)နှင့် ဒေါက်တာခင်မောင်သက် (အငြိမ်းစား ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန) ဇီဝနည်းပညာ (ပါရဂူဘွဲ့) တို့က ဖိလစ်ပိုင်တက္ကသိုလ် (UPLB) မှ ရရှိခဲ့ပါသည်။ စိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း ပါမောက္ခ ဒေါက်တာစိုးဝင်းနှင့်အတူ ဆရာ ဆရာမအချို့ နိုင်ငံတကာမှ အပင်မျိုးမွေးမြူရေးပညာ (မဟာသိပ္ပံ၊ ပါရဂူဘွဲ့များ) ရရှိပြီးတော့ လက်ရှိ သင်ကြား၊ သုတေသနပြုနေပါသည်။ စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနတွင်လည်း အမိစိုက်ပျိုးရေးတက္ကသိုလ်မှ ပထမဘွဲ့ရနှင့် နိုင်ငံတကာ ဘွဲ့လွန် ဘွဲ့ရပညာရှင်များ ရှိနေပါသေးသည်။

အပင်မျိုးမွေးမြူရေးမှ အထွက်ကောင်း၊ ရေကြီး၊ မိုးခေါင် အစရှိသော ရာသီဥတု ဖောက်ပြန် ဒဏ်ခံနိုင်မှု၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အရသာကောင်း၊ အာဟာရဓာတ်များသော သီးနှံမျိုးသစ်များကို ထုတ်လုပ်ပေးခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာများပြားစွာ ထုတ်လုပ်မှု စိန်ခေါ်ချက်များကို ဖြေရှင်းပေးနိုင်ပါသည်။

**(၂-ဃ) အပင်ဇီဝကမ္မဗေဒ (Plant Physiology)**

ဤဘာသာရပ်မှာ ရုက္ခဗေဒဘာသာခွဲတစ်ခုဖြစ်ပြီး အပင်ဗီဇပညာ၊ အပင်မျိုးမွေးမြူရေးတို့နှင့် မတူသော သီးသန့်ဘာသာရပ်တစ်ခုဖြစ်ပါသည်။ ကျွန်တော်၏ မဟာသိပ္ပံအထူးပြုမှာကိုက ဤဘာသာခွဲဖြစ်သော သီးနှံဇီဝကမ္မဗေဒ (Crop Physiology) ထိုမှ အပင်ကြီးထွားမှုဆိုင်ရာ ဇီဝကမ္မဗေဒ (Growth Physiology) ဘာသာခွဲဖြစ်ပါသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးအတွက် အကောင်းဆုံး ဇီဝကမ္မဗေဒဌာန/ဘာသာရပ် သင်ကြား၊ သုတေသနပြုနေသော တက္ကသိုလ်များမှာ-

**(၂-ဃ-၁)** အပင်အင်္ဂါများနှင့် ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုဌာန ဟားဗတ်တက္ကသိုလ် အမေရိကန်နိုင်ငံ (Department of Organismic and Evolutional Biology) တွင် အပင်ဇီဝကမ္မဗေဒကို စုပေါင်းဇီဝဗေဒ (Integrative Biology) ခေါင်းစဉ်အောက်မှ လေ့လာအဖြေရှာနေသော ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ် (နံပါတ်-၁) ဖြစ်ပါသည်။

**(၂-ဃ-၂)** သီးနှံသိပ္ပံဌာန စိုက်ပျိုးရေး၊ မူဝါဒနှင့် အဆင့်မြင့်ကျောင်း ရက်ဒင်းတက္ကသိုလ် ယူကေနိုင်ငံ (Department of Crop Science, School of Agriculture, Policy and Development) စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ယူကေနိုင်ငံနာမည်ကြီးတက္ကသိုလ်တွင် အဓိကသင်ကြားရေးနှင့်သုတေသနဖြစ်သည့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်ပေါ်စေမည့် အပင်မျိုးများ မွေးမြူရေးဆိုင်ရာ ဇီဝကမ္မဗေဒကို လက်ရှိအဓိကထား၊ သင်ကြား သုတေသနပြုနေပါသည်။

**(၂-င) အပင်ဂေဟဗေဒ/သီးနှံဂေဟဗေဒဌာန (Department of Plant Ecology/ Department of Agroecology)**

စိုက်ပျိုးသီးနှံများနှင့် ပတ်ဝန်းကျင်ဆက်စပ်မှုဘာသာ (Agroecology) ကို အမှတ်စဉ်-၁ (ထပ်တိုးသင့်သောလယ်ယာသီးနှံဘာသာများတွင် ရေးသားပြီးပါပြီ) ယခုအပင်နှင့်ပတ်ဝန်းကျင်ဆက်နွယ်မှုကို လေ့လာသောပညာ (Plant Ecology)ကို စိုက်ပျိုးရေးကဏ္ဍအတွက် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် သင်ကြားသုတေသနပြုနေကြသည်ကို ကြည့်ရအောင်ပါ။

**(၂-င-၁)** ဝုပတ်ဝန်းကျင်ဆိုင်ရာ သုတေသနဗိမာန် စတန်းဖို့ပုဂ္ဂလိကတက္ကသိုလ် အမေရိကန်နိုင်ငံ (Woods Institute for the Environment, Stanford University (Private), US) စိုက်ပျိုးရေးဆိုင်ရာဂေဟဗေဒ (Agricultural Ecology)၊ အပင်များအတွင်း အာဟာရလှည့်ပတ်မှု (Nutrient-Cycling)၊ အပင်နှင့်ရေ ဆက်စပ်မှုအကြောင်း (Plant-Water Relationships) စသည်တို့ဖြင့် စုံလင်အောင်လေ့လာသင်ကြား၊ သုတေသနပြုနေပါသည်။

**(၂-င-၂) သီးနှံဂေဟဗေဒဌာန နန်ကျင်းစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် တရုတ်နိုင်ငံ (Department of Crop Ecology, Nanjing Agricultural University, China)**

ဤတက္ကသိုလ်၌ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးမွေးမြူရေးကို သီးနှံဂေဟအထူးပြုကျောင်းသားများက လယ်ယာသီးနှံဌာနမှ ဘာသာရပ်များဖြင့် ဆက်စပ်သင်ကြားကာ သုတေသနပြုဒေသအကျိုး၊ နိုင်ငံအကျိုးကို ထမ်းဆောင်လျက်ရှိနေပါသည်။

ဤဘာသာရပ်နှင့် ဆက်စပ်၍ လိုအပ်သော နောက်ဘာသာရပ် ဌာနတစ်ခုမှာ စိုက်ပျိုးရေးမိုးလေဝသဌာန (Department of Agrometeorology)၊ ဇီဝဆိုင်ရာ မိုးလေဝသဌာန (Department of Bioclimatology) နှင့် အပင်မွေးမြူရေးမှ ထပ်မံခွဲထွက်သွားသော အပင်ဇီဝနည်းပညာ (Plant Biotechnology)တို့ ဆွေးနွေးစရာ ကျန်ပါသေးသည်။

နောက်ဆောင်းပါးများတွင်မှ C-Chemistry ဓာတုဗေဒနှင့်စိုက်ပျိုးမွေးမြူရေး ဆက်စပ်ဘာသာရပ်များအကြောင်းနှင့်အတူ ဆက်လက်ဆွေးနွေးပါဦးမည်။

မိတ်ဆွေတစ်ယောက်က တင်ပြထားတာပါ။ နိုင်ငံခြားတက္ကသိုလ်က ပါမောက္ခအချို့ပြောတာက **'မြန်မာပြည်က ကျောင်းသား ကျောင်းသူ အများစုက တိုင်းပြည်မှာလိုအပ်ချက် သိပ်မရှိတဲ့ ပညာရပ်တွေကို စုပြုံတိုးဝှေ့သင်နေပြီး တကယ်လိုအပ်တဲ့ ပညာရပ်တွေကိုတော့ သင်ကြား၊ သင်ယူနေသူတွေ နည်းနေပါတယ်တဲ့။ မင်းတို့ မြန်မာနိုင်ငံမှာ တကယ်လိုနေတာက စိုက်ပျိုးမွေးမြူရေးပညာရှင်တွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပညာရှင်တွေ များများမွေးထုတ်ဖို့ လိုနေပါတယ်'** လို့ သုံးသပ်ပါတယ်။

အမိနိုင်ငံအတွင်း ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် အလုပ်အကိုင်လိုအပ်မှု အတွဲညီချိတ်ဆက်မှု (Matching between Graduate Subjects/ Disciplines and Employability/Urgent Needs for Country Economic Development) ရှိအောင် အစိုးရ၊ ပုဂ္ဂလိက (အဆင့်မြင့် Higher Education၊ အသက်မွေးဝမ်းကျောင်းသင်တန်း (Technical and Vocational Education and Training) များမှ ညီညာစွာ ကြိုးစားကြပါစို့။ ။

**(နောက်လိုအပ်သောဘာသာရပ်များအကြောင်း အမိတက္ကသိုလ် နှစ် (၁၀၀) ပြည့်နှင့်အတူ ဆက်လက်ဂုဏ်ပြုရေးသား၊ ဆွေးနွေးပါဦးမည်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက စုပေါင်းကာကွယ် မီးခိုးမြူငွေ့အန္တရာယ်ခေါင်းစဉ်ဖြင့် မီးခိုးမြူငွေ့ဖြစ်စေသောအကြောင်းအရာများနှင့် ပျံ့လွင့်နိုင်မှုများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်သော အကြောင်းအရာများ၊ မီးခိုးမြူငွေ့များကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများနှင့် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေမှုများ၊ မီးခိုးမြူငွေ့ထိန်းချုပ်လျှော့ချရေးဆောင်ရွက်နေမှု၊ ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းစုက အမျိုးသမီးများနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုခေါင်းစဉ်ဖြင့် အမျိုးသမီးများနှင့် ပတ်ဝန်းကျင် နီးကပ်စွာတည်ရှိမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပလတ်စတစ် အသုံးအဆောင်ပစ္စည်းလျှော့ချရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုများကိုလည်းကောင်း အသိပညာပေးဟောပြောကြကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **နေမျိုးအောင်**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနအဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။



ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်မှ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။








ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်မှ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆို ပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနအဆင့် အမျိုးသားပိုက်ကျော်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးကြစဉ်။



ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။




**ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ဝန်ကြီးဌာနအလိုက် ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၁၀ | ၃၄ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၂ | ၇ | ၉ | ၂၈ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၁၀ | ၁၀ | ၃၀ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၂ | ၈ | ၂၇ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | ၆ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၃ | | ၃ | |
| ၁၂ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၁၅၀ | |

**ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်**
**၁၉-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ**

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၈ | ၄၂ | ၃၉ | ၁၄၉ | |
| ၂ | ရှမ်း | ၂၇ | ၃၂ | ၄၁ | ၁၀၀ | |
| ၃ | မန္တလေး | ၂၅ | ၂၆ | ၃၉ | ၉၀ | |
| ၄ | စစ်ကိုင်း | ၂၁ | ၂၀ | ၂၁ | ၆၂ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၂ | ၄၉ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၉ | ၆၇ | |
| ၈ | မကွေး | ၁၄ | ၁၃ | ၂၀ | ၄၇ | |
| ၉ | ပဲခူး | ၉ | ၂၀ | ၂၇ | ၅၆ | |
| ၁၀ | ကရင် | ၈ | ၁၁ | ၃၁ | ၅၀ | |
| ၁၁ | နေပြည်တော် | ၇ | ၅ | ၁၁ | ၂၃ | |
| ၁၂ | ရခိုင် | ၅ | ၁၁ | ၁၆ | ၃၂ | |
| ၁၃ | မွန် | ၅ | ၁၀ | ၁၀ | ၂၅ | |
| ၁၄ | ချင်း | ၃ | | ၉ | ၁၂ | |
| ၁၅ | ကယား | ၁ | ၇ | ၅ | ၁၃ | |
| | စုစုပေါင်း | ၂၃၈ | ၂၃၈ | ၃၃၁ | ၈၀၇ | |

# အမှတ်တရကောင်းများဖြင့် အားကစားသမားများ စိတ်နှလုံးဝယ် စွဲကျန်နေမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ဒီဇင်ဘာ ၂၀ တွင် ပြီးဆုံးတော့မည်ဖြစ်သည်။ အားကစားပြိုင်ပွဲအသီးသီးတွင် ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများ၊ မျိုးဆက်သစ်များ၊ အားကစားသမားတို့အတွက် နောက်ကွယ်မှပံ့ပိုးပေးလျက်ရှိသည့် အသင်းများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကြီးများတွင် ပါဝင်အားဖြည့်ကြသူအားလုံးအတွက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် အမှတ်တရများစွာ ကျန်ရစ်ခဲ့တော့မည်ဖြစ်ရာ ယင်းတို့အနက်မှ နောက်ဆုံးပိတ်ပွဲစဉ်အချို့တွင် ယှဉ်ပြိုင်ကြသူများ၏ အမှတ်တရစကားသံများကို မြန်မာ့အလင်းပရိသတ်များထံ စုစည်းတင်ပြလိုက်ရပါသည်။



မောင်နိုင်လင်းထွန်း



မလင်းစန္ဒာငွေ



ကိုဇော်မင်းထက်

**မောင်နိုင်လင်းထွန်း (လမ်းလျှောက်စံချိန်သစ်ရ ကစားသမား) ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကီလိုမီတာ ၂၀ လမ်းလျှောက် အားကစားနည်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုနဲ့ ၁ နာရီ ၃၅ မိနစ် ၃၂ စက္ကန့်နဲ့ စံချိန်သစ်ရပါတယ်။ အသက် ၂၁ နှစ်အောက် ပြည်နယ်နဲ့ တိုင်းဒေသအတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတွေအားလုံးက ဆုတွေချတယ်။ ဆုရတဲ့ ဆိုင်ကယ်နှစ်စီးမှာ တစ်စီးကို ကျွန်တော့်ရဲ့ နည်းပြဆရာ ဦးအောင်နိုင်ဝင်းကို ကန်တော့ခဲ့တယ်။ အခုလို စံချိန်သစ်တွေ၊ ဆုတွေရတယ်ဆိုတာကလည်း နည်းပြဆရာတွေရဲ့ ဂရုစိုက်သင်ကြားပြသမှုနဲ့ နည်းပြီးတော့ ကရာတေးအဓိကနဲ့ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပါတယ်။ အခြား ကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ Japan Cup စတဲ့ ကရာတေးပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်ပြီး ရွှေ၊ ငွေ၊ ကြေးတံဆိပ်တွေ ရဖူးပါတယ်။ ပြည်နယ်နဲ့ တိုင်းအဆင့် ကရာတေးပြိုင်ပွဲတွေက နားထားတာကြာပြီ။ ဒီပြိုင်ပွဲကြီးကျင်းပတဲ့အချိန်မှ ပြန်ပြီးကျင်းပတဲ့အတွက် အခက်အခဲတွေ ရှိတာကြောင့် ပထမဆုရအောင် ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နေပြည်တော်မှာ နှစ်လစခန်းသွင်းလေ့ကျင့်ပြီး ရွှေတံဆိပ်ဆု အရယူနိုင်ခဲ့တာပါ။



နန့်စန္ဒာမိုး



ဒေါက်တာခင်မျိုးဝင်း



ဆရာခင်မောင်တိုး



ကိုလှမင်းအောင်

ကြီး ပြေးခုန်ပစ်ပြိုင်ပွဲမှာလည်း လမ်းလျှောက်မှာ ၁ နာရီ ၃၆ မိနစ် ၂၀ စက္ကန့်နဲ့ ၂၀၂၃ ဆီးဂိမ်းပထမစံချိန်ထက်အသာနဲ့ ပထမဆုရထားပါတယ်။ ဒုတိယဆုရတဲ့သူနဲ့ ကျွန်တော်နဲ့ဆိုရင် မီတာ ၂၀၀ လောက်ကွာပါတယ်။ နည်းပြ/ဆရာတွေရဲ့ သင်ကြားပြသမှုနဲ့ ကိုယ်တိုင်ကြိုးစားမှုရဲ့ ရလဒ်အဖြစ် ကျွန်တော် ရွှေတံဆိပ်ဆုတွေ၊ စံချိန်သစ်တွေရတဲ့အတွက် ဝမ်းသာတယ်။ ပြိုင်ပွဲမှာ ပြိုင်မယ်ဆိုကတည်းက ကျွန်တော်က ပထမနေရာကိုပဲ လိုချင်တယ်။ ဒါကြောင့် သေချာလေ့ကျင့်တယ်။ လေ့ကျင့်ရင်းနဲ့ နာမသွားအောင် ဂရုစိုက်တယ်။ ကျွန်တော် အားကစားပြိုင်ပွဲတွေမှာ ဝင်ပြိုင်တာ သုံးနှစ်မပြည့်သေးဘူး။ ပထမဆုံးနှစ်မှာ ပြည်နယ်နဲ့ တိုင်းပြိုင်ပွဲမှာ ၁ နာရီ ၅၇ မိနစ်နဲ့ ပထမရတယ်။ စံချိန်တော့မရခဲ့ဘူး။ မနှစ်ကလည်း လမ်းလျှောက်မှာ ၁ နာရီ ၄၇ မိနစ်နဲ့ စံချိန်ချိုးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်က စီနီယာအစ်ကိုကြီး လျှောက်တဲ့ စံချိန်ကို ချိုးနိုင်ခဲ့တာပါ။ ကိုယ့်အနာဂတ် မျှော်လင့်ချက်က ပြည်ပပြိုင်ပွဲတွေမှာ ပြိုင်ချင်တယ်။ ကိုယ့်မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ယူပေးချင်တယ်။ အခုပြိုင်ပွဲမှာ စံချိန်သစ်ရတဲ့စနစ်တွေကြောင့်ပါ။ ကျွန်တော့်အသက်က အခု ၁၈ နှစ်ပြည့်တော့မယ်။ အား/ကာ သိပ္ပံ (တောင်ကြီး) ကနေ အရွေးခံရပြီးနောက် ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီးတော့ အခုနိုင်ငံလက်ရွေးစင် ကစားသမားအဖြစ် ပဏာမ အရွေးခံထားရပါတယ်။ ကျွန်တော့်လို မျိုးဆက်သစ်တွေကို အကြံပြုချင်တာက ကြိုးစားကြပါ။ ကိုယ်ဝါသနာပါတဲ့ အားကစားတစ်ခုခုကို လုပ်ဖြစ်အောင် လုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**မလင်းစန္ဒာငွေ (ရွှေတံဆိပ်ဆုရ ကချင်ပြည်နယ်ပြိုင်ပွဲဝင်) ကရာတေး ခတ၊ ကုမိတဲ့ပြိုင်ပွဲ**

ကရာတေးပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲနဲ့ အမျိုးသမီး ကီလို ၅၀ နှင့်အောက် ကုမိတဲ့ပြိုင်ပွဲ အမျိုးအစားနှစ်ခု ယှဉ်ပြိုင်ပါတယ်။ ခတမှာ တတိယ (ကြေး)ရပြီး ကုမိတဲ့မှာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမှာ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ကျွန်မတို့ ဒီပြိုင်ပွဲမဝင်ခင် ခြောက်လကျော်လောက်ကတည်းက မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ကနေ Camp သွင်းပြီး သေသေချာချာ လေ့ကျင့်ပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ကျွန်မက အား/ကာသိပ္ပံ (မန္တလေး)ကို ရှစ်တန်းနှစ်ကတည်းက စရောက်ဝင်ပြိုင်တာပါ။ ပြိုင်ခဲ့ဖူးတဲ့ပြိုင်ပွဲတွေထဲမှာတော့ ဒီပြိုင်ပွဲက အကြီးဆုံးပါ။ ဒီလိုပြိုင်ပွဲတွေလည်း များများလုပ်စေချင်တယ်။ ပြည်တွင်းရော ပြည်ပပွဲတွေပါ များများ လွှတ်ပေးစေချင်တယ်။ ကရာတေးအားကစားရဲ့ ရည်ရွယ်ချက်က အချင်းချင်းလေးစားမှုနဲ့ စည်းကမ်းလိုက်နာခြင်းပါ။ အချင်းချင်း လေးစားမှုရှိမှ အခြားသောလူမှုဆက်ဆံရေးကိုလည်း အဆင်ပြေစေနိုင်တာပါ။ ကျွန်မရဲ့ အနာဂတ်မျှော်လင့်ချက်က ဆီးဂိမ်းမှာ ကျွန်မကစားတဲ့ ဝိတ်တန်းမှာ အကောင်းဆုံး ယှဉ်ပြိုင်ပြီးတော့ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် ရယူပေးချင်တယ်။

**ကိုဇော်မင်းထက်(အုပ်ချုပ်သူ ရခိုင်ပြည်နယ် ကရာတေးအသင်း)**

ကျွန်တော်တို့ ရခိုင်ပြည်နယ် ကိုယ်စားပြု ကရာတေးကစားသမားတွေထဲက ရွှေတံဆိပ်ဆု နှစ်ခု ရယူပေးနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး။ နောက်ထပ်နှစ်ဦးလည်း ကြေးတံဆိပ်ဆု ရရှိထားပါတယ်။ ကရာတေး ကစားနည်းမှာ ကျွန်တော်တို့ ကစားသမား အကုန်လုံး ၁၄ ဦး ဝင်ပြိုင်ပါတယ်။ ရခိုင်ပြည်နယ်က ကရာတေးကစားသမားတွေအနေနဲ့ ပြိုင်ပွဲအတွက် ပြည်နယ်မှာ လေ့ကျင့်ဖို့

**နန့်စန္ဒာမိုး(ရွှေတံဆိပ်ဆုရ၊ ဘော်လီဘောပြိုင်ပွဲဝင်) (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)**

ညီမတို့ ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းက ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒီနေ့ဗိုလ်လုပွဲက လက်ရေညီတဲ့ အသင်းနှစ်သင်းဖြစ်တော့ ယှဉ်ပြိုင်မှုအားကောင်းတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ညီမတို့အသင်းကတော့ ဒီနေ့ပြိုင်ပွဲမှာ အမှားယွင်းနည်းစွာနဲ့ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပြီး တစ်ဖက်အသင်း ကစားသမားတွေရဲ့ ရိုက်ချက်တွေကို အကောင်းဆုံး ကာကွယ်နိုင်ခဲ့အတွက် အခုလို ရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ ဘော်လီဘောကစားနည်းက ရှုထောင့်ပေါင်းဆုံကနေ လျင်မြန်စွာ ဆုံးဖြတ်ချက်ချကစားရတဲ့အတွက် လေ့ကျင့်မှုပြည့်ဝဖို့လိုသလို ဖြတ်ထိုးဉာဏ်လည်း ကောင်းဖို့လိုတယ်။ အားကစားသမား တစ်ယောက်ဖြစ်တော့ ပြိုင်ပွဲတွေ နှစ်စဉ်နှစ်တိုင်းကျင်းပပေးဖို့ မျှော်လင့်တယ်။ အခုလို အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးတဲ့အတွက်လည်း တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာခင်မျိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး) ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး (နေပြည်တော်)**

အမျိုးသားအားကစားပွဲတော် အခမ်းအနားကြီးမှာ ဝန်ကြီးဌာနရဲ့ တာဝန်ပေးချက်အရ ဆေးအဖွဲ့တွေနဲ့ ဆေးခန်းတွေ ဖွင့်လှစ်ပေးထားပါတယ်။ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးအနေနဲ့ ဆေးခန်း သုံးခန်း ဖွင့်လှစ်ပေးထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကနေ ဖွင့်ပွဲပိတ်ပွဲကျင်းပတဲ့ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနဲ့ ရွာတော်မှာရှိတဲ့ စစ်ကြောရေးနဲ့ တည်းခိုရေး စခန်းမှာလည်း ဆေးခန်း ဖွင့်လှစ်ပေးထားတဲ့ အပြင် အားကစားကွင်းထဲက ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဖွင့်လှစ်ပေးထားတဲ့ အခြားဆေးဝန်ထမ်းအဖွဲ့တွေ အပါအဝင်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးပါဝင်ပါတယ်။ ကျွန်မတို့ ဆေးခန်းမှာဆိုရင် အရေးပေါ်တာဝန်ကျ ဆရာဝန်ကြီး၊ အရိုးအကြောဆရာဝန်ကြီး၊ အထွေထွေရောဂါကု ဆရာဝန်ကြီးတွေနဲ့ ကျန်းမာရေးဝန်ထမ်း သူနာပြုဆရာ ဆရာမတွေ ပါဝင်ပါတယ်။ ကျွန်မတို့ ခုတင်(၁၀၀၀) ဆေးခန်းမှာ လိုအပ်ရင် လိုအပ်သလို ပြုစုကုသမှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ဆေးဝါးနဲ့ ပစ္စည်းကိရိယာတွေ အသင့်ထားရှိသလိုပဲ ဆေးခန်းပြဖို့၊ ဓာတ်မှန်ရိုက်ဖို့နဲ့ လိုအပ်ရင် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးကို လွှဲပို့နိုင်ဖို့အတွက်ကို အသင့်ပြင်ဆင်ဆောင်ရွက်ပေးထားပါတယ်။

**ဆရာခင်မောင်တိုး (ဘော်လီဘောနည်းပြချုပ်) (ရွှေတံဆိပ်ဆုရ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း)**

ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသမီးဘော်လီဘောအသင်းအနေနဲ့ ဒီနေ့မှာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရရှိတဲ့အတွက် ဝန်ကြီးဌာနနဲ့ ကစားသမားတွေအတွက် အလွန်ဂုဏ်ယူမိတယ်။ ကျွန်တော်တို့ အသင်းကတော့ ပြည်တွင်းရော ပြည်ပမှာပါ ပြိုင်ပွဲတွေ ရှိလာတဲ့အခါ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုတင်လေ့ကျင့်မှုတွေ အမြဲမပြတ်လုပ်ဖြစ်ပါတယ်။ ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေတိုင်းမှာ တကယ်တော်တဲ့ မျိုးဆက်သစ်ကစားသမားတွေကို ပြန်လည်မြင်တွေ့ရတဲ့အတွက် နိုင်ငံအတွက် ဘော်လီဘောလက်ရွေးစင် ကစားသမားတွေ အများကြီးထွက်ပေါ်လာနိုင်တယ်။ မျိုးဆက်သစ်ကစားသမားတွေအနေနဲ့ ကိုယ်ကျွမ်းကျင်ရာ ကစားနည်းကို ရွေးချယ်ပါ။ အောင်မြင်မှုတွေရရှိအောင်လည်း ဖွဲ့၊ လုံ့လ၊ ဝီရိယတို့နဲ့အတူ နည်းစနစ်တကျ လေ့လာသင်ယူပါ။ ယှဉ်ပြိုင်မှုကို ပြိုင်ဘက်လို သဘောမထားဘဲ တစ်သင်းနဲ့တစ်သင်း၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ရိုးသားစွာ ကစားကြဖို့ ပြောချင်ပါတယ်။

**ကိုလှမင်းအောင်(ခွဲမှူး၊ နည်းပြ) ပြည်မြို့၊ ရွှေတောင်ဇေယျာသိဒ္ဓိ သိုင်းပင်မအဖွဲ့**

ပိတ်ပွဲမှာ ဖျော်ဖြေဖို့အတွက် ကျွန်တော်တို့အဖွဲ့က ၃၅ ဦး ပါပါတယ်။ အခမ်းအနားမှာ မြန်မာ့သိုင်းအခြေခံ ၆၃ မောင်း သရုပ်ပြပြီးတာနဲ့ ကာယသိဒ္ဓိပြသတာနဲ့ ဓားရေးကစားတာတွေ ပါဝင်ပြသမှာပါ။ ဒီလိုမျိုး ပြိုင်ပွဲကြီးမှာ အနယ်နယ်အရပ်ရပ်ကအဖွဲ့တွေ လာဆုံကြရလို့ ဝမ်းသာတယ်။ အထူးသဖြင့် တိမ်မြုပ် ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ မြန်မာ့ရိုးရာသိုင်းပညာရပ်တွေကို ဒီလို အခမ်းအနားကြီးမှာ ပြသခွင့်ရတာကို ပိုပြီးတော့ ကျေနပ်မိတယ်။ ဒီလိုမျိုး ရိုးရာပညာရပ်တွေကိုလည်း လူငယ်မျိုးဆက်တွေကို ဆက်ပြီး ထိန်းသိမ်းစေချင်တယ်။

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊ ဓာတ်ပုံ - ဇင်ဟိန်းထက်**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံသင်တန်းကျောင်းသို့ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့ နယ်မြေခံသင်တန်းကျောင်းသို့ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်



ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မော်လမြိုင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးအောင်မြင်နေမှုများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့လှာကျေးရွာအုပ်စု ဖဲထော်ကျေးရွာ (စံပြကျေးရွာ) ရှိ အိပ်မက်သစ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း လီမိတက်မှ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေအား ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ သီးနှံစိုက်ပျိုးရိတ်သိမ်းရာတွင် ဆောင်ရွက်ရမည့် လိုအပ်ချက်များအပေါ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အိပ်မက်သစ် စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း လီမိတက်အနေဖြင့် အသင်းသား ၁၁၂ ဦးရှိပြီး မိုးစပါးစိုက်ဧက ၁၀၅၈ ဧကတွင် ဒေသမျိုးများဖြစ်သည့် ဆင်းသုခ၊ ရွှေတစ်ဆုပ်မျိုးများကို စိုက်ပျိုးထားရှိကာ စပါးများကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၈ ရက်က ဖျာပုံမြို့ အထက (၃) ကျောင်း မြမဏ္ဍပ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂) ဆင်းပွဲတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုနှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်ပညာရေးမှူး ဦးဝင်းအောင်၊ ဖျာပုံခရိုင်ဥပဒေအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။ အဆိုပါသင်တန်းကို ဖျာပုံခရိုင်ဥပဒေရုံးမှ သင်တန်းဆရာခြောက်ဦးက ဖျာပုံခရိုင်အတွင်းရှိ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အထက်တန်းကျောင်း၊ အထက်တန်းခွဲကျောင်းများမှ ဆရာ ဆရာမ ၁၅၄ ဦးအား ၁၀ ရက်တိုင်တိုင် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။



**အောင်ဝင်းနိုင် (ပြန်/ဆက်)**

**●ကျော်ဖုံးမှ**

ချေပဂိုးနှင့် ၉၀+၃ မိနစ်တွင် အနိုင်ဂိုး သွင်းယူပေးခဲ့သဖြင့် ပြိုင်ပွဲကျင်းပရေးက ရွေးချယ်သည့် အကောင်းဆုံးဆုရရှိခဲ့ခြင်းဖြစ်သည်။ ဝင်းနိုင်ထွန်းသည် ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းတွင် သွားရောက်ကစားနေသူဖြစ်ပြီး ကလပ်ပွဲများနှင့် တိုက်ဆိုင်နေသဖြင့် အုပ်စုအစနှစ်ပွဲကို လွဲချော်ခဲ့ကာ လာအိုနှင့်ပွဲမှ စတင်ပါဝင်နိုင်ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်က ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၌ တစ်ဂိုးစီ သရေကျသည့်ပွဲတွင်လည်း မြန်မာအသင်း တောင်ပံကစားသမား မောင်မောင်လွင်က အကောင်းဆုံးဆုရရှိခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**

■ *ကျော်ဖုံးမှ*

တရစပ်ထိုးဖောက်တိုက်စစ်ဆင်မှုကြောင့် ဟန်ချက်ညီညီကစားနိုင်ခြင်းမရှိခဲ့သော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဘရာဇီးတိုက်စစ်ကစားသမားဂျေဇူးက ပွဲကစားချိန် ၅၄ မိနစ်၊ ၇၃ မိနစ်နှင့် ၈၁ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို မာတီတာနှင့် အင်ခီတီယာတို့က ပွဲကစားချိန် ၄ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ အာဆင်နယ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် လာမည့် ဒီဇင်ဘာ ၂၂ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အခြားပွဲစဉ်ရလဒ်များတွင် နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ နာမည်ကြီးလီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# ပျော်ဘွယ်မြို့နယ်၌ မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကျင်းပ



**ပျော်ဘွယ် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဖွင့်လှစ်သော မွမ်းမံစက်ချုပ် နည်းပညာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၆ ရက်က မင်းလှသာစည်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က သင်တန်းဆင်းအမှာစကားပြောပြီး ရမည်းသင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းဇော်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မွမ်းမံသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ၁၅ ရက်ကြာ သင်တန်းသား ၁၅ ဦးအား စာတွေ့လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

**မောင်မွေး**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာလွင်မာဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့် ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇) ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇)ပုဒ်ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

<u>မေးခွန်းနံပါတ်(၁)</u>

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ)ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

( ၁ ) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက် စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခု ဖြစ်သည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ ( ခ ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

( ၁ ) ခေတ်စကားပြေကို ________ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ________ ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့် ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က) သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို ဟူ၍ အပိုင်းလေးပိုင်း ပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ(၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျီ၊ ကြိမ်၊ ရဝေ၊ ဘုန်းဟေ့။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက – ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက– စွန့်ကြဲ = လှူသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက– ဘုန်းဟေ့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက် ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက – စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြောင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကို ဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်း ဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့် အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

စိန်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြုတ်မျက်လုံးလောက်၊ တကြုတ်ကြုတ်၊ ကျုတ်တွင်းရေသို့၊ ကြာညွတ်ဖယောင်းနေရှိန်ပျောင်းသို့။

**အဖြေ–** စိန်ပွင့်အုံး = စိန်ပွင့်စိန်ပန်းစီခြယ်ထားသည့် ခေါင်းအုံး (မှီအုံး)ဟု တိုက်ရိုက်မရေးဘဲ စိန်ပွင့်အုံး ဟု သွယ်ဝိုက် ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ် စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ)အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြံမိငြား လျှင်၊ မှားလို့သာ မှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။

မေးခွန်းနံပါတ်၂။ (ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်း ရှင်းပြပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ(၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသား တင်ပြမှုစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေ ဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက် အားလုံးပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၃။ ဩဝါဒထူးပျို့ကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ (၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်ကို သတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

## မော်ဘီမြို့နယ်၌ တိုင်းရင်းသားကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ထူးချွန်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မော်ဘီ ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်က အထက်သဲကုန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း သဲကုန်(၂)၌ ကျင်းပသည်။



ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာကျောင်းသား ကျောင်းသူများက ဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က အမှာစကားပြောကြားပြီး မော်ဘီခရိုင် ပညာရေးမှူးဆရာကြီး ဦးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၂) ဦးဝင်းစိုးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးငယ်များ၏ ထူးချွန်စွမ်းရည် ပြိုင်ပွဲများဖြစ်သည့် ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများနှင့် ဉာဏပြိုင်ပွဲများ ကျင်းပကာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ကောင်းမြတ်သူ(မော်ဘီ)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ပေါင်းတည် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဒီဇင်ဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ရွှေတည်ဈေးတို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြသလေ့ကျင့်ကြသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသ လေ့ကျင့်နေမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြည့်ရှုကြပြီး မြို့မမီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်မင်းထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသကြသည်။

ယင်းနောက် မြို့မမီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **ရွှေသား(ပြန်/ဆက်)**

## မြဝတီခရိုင်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**မြဝတီ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးဌာနမှူး ဦးတင်အောင်ဝင်းက ပန်းခင်းစီမံချက်အဆင့်(၃)ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ခဲ့သည့် အသက် ၁၀-၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ် ၇၈ ကတ်နှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် ခုနစ်ကတ်တို့ကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးဌာနမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်နှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



## မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ဘီးလင်း ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၁၈ရက်က မင်္ဂလာဈေးရှေ့၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်လင်းဦးက ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ပုံများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံများကို လက်တွေ့သရုပ်ပြခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးနေယုအောင်နှင့် ဌာနဆိုင်ရာများ၊ ဈေးသူ ဈေးသားများက ပူပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အကြောင်း အသိပညာပေး

**လှည်းကူး ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်လည်ပြည့်ဖြိုးနေသောရင်းမြစ်များမှ ရယူထားသော စွမ်းအင်များအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရွှေယမင်းအောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံဇဉ်မှူးတို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာဘာလဲ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားများနှင့် အသုံးပြုမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုခြင်းဖြင့်ရရှိနိုင်သောအကျိုးကျေးဇူး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုလျှင် ရရှိနိုင်သောအခက်အခဲများနှင့် ပတ်သက်ပြီး အရေးပါမှု အခြေအနေများကို ဆွေးနွေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**






## ကော့သောင်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကော့သောင်း ဒီဇင်ဘာ ၁၉**

ကော့သောင်းမြို့၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရွှေပြည်စိုးကျေးရွာရှိ တောင်သူ ဦးကျော်ထင်၏ ဆင်းသုခစပါးစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်း၌ ပြုလုပ်သည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၏ ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကြသည်။ (ကောင်း) ကိုယ်စားပြုအလွှာတွင် တစ်ဧကပျမ်းမျှအထွက်နှုန်း အစိုထွက် ၉၃ ဒသမ ၇၅ တင်း၊ အခြောက် ၈၈ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တံတားဦး၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

**တံတားဦး ဒီဇင်ဘာ ၁၉**

တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး မြို့မရဲစခန်းနှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၈ရက်က မြို့မရဲစခန်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ **ရဲတင့်(ပြန်/ဆက်)**



## မူဆယ်မြို့၌ မီနီမာရသွန် (အပျော်တမ်း၊ တစ်ဝက်၊ အပြည့်) အပြေးပြိုင်ပွဲကျင်းပမည်

**မူဆယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ဒီဇင်ဘာ ၂၁ရက် နံနက် ၆ နာရီတွင် မီနီမာရသွန် (အပျော်တမ်း၊ တစ်ဝက်၊ အပြည့်) အပြေးပြိုင်ပွဲကို အမျိုးအစားသုံးမျိုးဖြင့် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပူးပေါင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ စုစုပေါင်း ၂၈၃၀ ရှိပြီး အပျော်တမ်းပြိုင်ပွဲ (၄) ကီလိုတွင် ပြိုင်ပွဲဝင် ၁၀၀၀၊ တစ်ဝက်ပြိုင်ပွဲ (၁၃) ကီလိုတွင် ပြိုင်ပွဲဝင် ၁၂၀၀ နှင့် အပြည့်ပြိုင်ပွဲ (၁၈) ကီလိုတွင် ပြိုင်ပွဲဝင် ၆၃၀ ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် ညောင်ပင်သာမြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင် သစ်မာ ၃ ဒသမ ၀၀၆ တန်နှင့် အခြားသစ် ၂ ဒသမ ၁၇၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ်(၁) ရထားတွဲပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၄၅၀၄၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၅၂၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၉၀၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus တစ်စီး၊ King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ပန်ကွဲရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၄ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၃ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၃၈၈၄၅၉)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၃၃၈၂၉၅) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၇၈၂၇၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၂၀၅၀၅၄) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် တင်သွင်းမှုများ လျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## နိုင်ငံတကာသတင်း

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ နွားများတွင် ကြက်ငှက်တုပ်ကွေးကူးစက်၍ အရေးပေါ်အခြေအနေကြေညာထား

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါ A(H5N1) ဖြစ်ပွားမှုကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ဒီဇင်ဘာ ၁၈ ရက်တွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

ပြည်နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူ ၃၄ ဦးရှိပြီဖြစ်သည်။ ကယ်လီဖိုးနီးယားတောင်ပိုင်းရှိ မွေးမြူရေးခြံများမှ နို့စားနွားများတွင် ရောဂါဖြစ်ပွားမှုကိုတွေ့ရှိပြီးနောက် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်နှင့်လျော့ပါးစေရန် ပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်ခဲ့သည်။

ယခုအချိန်အထိ ကယ်လီဖိုးနီးယားပြည်နယ်၌ လူအချင်းချင်း ကြက်ငှက်တုပ်ကွေးကူးစက်မှု မတွေ့ရှိရဘဲ ရောဂါကူးစက်ခံထားရသည့် နွားများနှင့် ထိတွေ့မှုရှိသူများတွင်သာ ရောဂါကူးစက်မှုကို တွေ့ရှိရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက သတင်းထုတ်ပြန်သည်။

ဒီဇင်ဘာ ၁၈ ရက်အထိ ပြည်နယ် ၁၆ ခုရှိ နို့စားနွားခြံများတွင် ကြက်ငှက်တုပ်ကွေးကူးစက်မှုကို တွေ့ရှိထားသည်။ ဧပြီလမှစတင်၍ တစ်နိုင်ငံလုံးအနှံ့ ကြက်ငှက်တုပ်ကွေးကူးစက်ခံထားရသည့် လူပေါင်း ၆၁ ဦးရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးစင်တာက ပြောသည်။ **ဆင်ဟွာ**



# နိုင်ဂျီးရီးယား၌ ပွဲတော်အတွင်း လူအုပ်ပိမှုကြောင့် ကလေး ၃၀ ခန့် သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၁၉**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုယိုပြည်နယ် အီဘာဒန်မြို့၌ ဒီဇင်ဘာ ၁၈ ရက်က ကလေးပွဲတော်ကျင်းပစဉ် လူအုပ်ပိမှုဖြစ်ပွားရာ ကလေး ၃၀ ခန့် သေဆုံးခဲ့သည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြသည်။

ပွဲတော်ကျင်းပရေး စီစဉ်သူများက ကလေး ၅၀၀၀ ကို ငွေသားများခွဲဝေပေးမည်ဟု ကြေညာပြီးနောက် ရုန်းရင်းဆန်ခတ်ဖြစ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုကဲ့သို့ ကလေးငယ်များအသက်ဆုံးရှုံးခဲ့ရသည့်အတွက် ပွဲစီစဉ်သူများအနေဖြင့် သင့်လျော်သည့်အစီအစဉ်နှင့် ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းတို့အတွက် အိုယိုပြည်နယ် ပြန်ကြားရေး ကော်မရှင်နာဒိုတန်အိုယဲလေက အပြစ်တင်ပြောကြားခဲ့သည်။

လူအုပ်ပိမှုကြောင့် သေဆုံးထိခိုက်သူအများအပြားမှာ ကလေးငယ်များဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိသည့် ကလေးငယ်များကို အီဘာဒန်မြို့ ဆေးရုံများသို့ပို့ဆောင်ကာ ကုသမှုပေးနေသည့်အတွက် ထိခိုက်သူစာရင်းအပြည့်အစုံကို မပြုစုရသေးကြောင်း ကော်မရှင်နာက ပြောသည်။

ကလေးငယ်များနှင့်ပတ်သက်၍ စိုးရိမ်သောကရောက်နေကြသည့် မိဘများအနေဖြင့် အီဘာဒန်မြို့ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများတွင် သွားရောက် စုံစမ်းမှုများပြုလုပ်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ဆားပြတ်လပ်မှုကြောင့် ဆား တန်ချိန် ၃၀၀၀၀ တင်သွင်းမည်

**ကိုလံဘို ဒီဇင်ဘာ ၁၉**

သီရိလင်္ကာနိုင်ငံ ဈေးကွက်အတွင်း ဆားပြတ်လပ်မှုကို ဖြေရှင်းရန် အိုင်အိုဒင်းမဟုတ်သည့် ဆားမက်ထရစ်တန် ၃၀၀၀၀ တင်သွင်းရန် သီရိလင်္ကာအစိုးရက ကုန်သွယ်မှုအဖွဲ့ကို ခွင့်ပြုပေးခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၁၉ ရက်တွင် ကြေညာထားသည်။

ဆားတင်သွင်းမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အပြီးသတ်တင်သွင်းသွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကျန်းမာရေးနှင့် မီဒီယာဝန်ကြီး နာလင်ဒါ ဂျာရက်တီဆာက ကိုလံဘို၌ သတင်းထောက်များကို ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ပုံမှန်အားဖြင့် ဆားထုတ်လုပ်ရာတွင် ဖူလုံသော်လည်း မကြာသေးမီလများအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆားထုတ်လုပ်မှုပမာဏ ကျဆင်းခဲ့ကြောင်း ဂျာရက်တီဆာက ပြောကြားသည်။ သီရိလင်္ကာအစိုးရသည် ၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း ပြည်တွင်းနှင့် စက်မှုလုပ်ငန်းသုံးအတွက် ဆားပြတ်လပ်မှုဆိုင်ရာ စီမံချက်ချမှတ်ကာ ဆားတင်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ် (၉၄၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်အောင်(၁၂/အစန (နိုင်) ၀၉၉၃၃၂)(SLN- ၀၂၈၃၁၂) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတင်အောင် ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/95155, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးပိုင် ၅/ခဥတ(နိုင်)၁၂၂၉၄၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မုံရွာ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (ပ–၄)၊ ဦးပိုင်အမှတ်(၃၆)၊ ၆၁x၆၂ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးဝင်း၏ (SPရရှိသူ ဒေါ်နွေးယုအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၄၆၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသော်ဇင် ၉/ခအဇ(နိုင်)၀၀၂၅၈၀၊ ဒေါ်ခိုင်ခိုင်ထွန်း ၉/ခအဇ(ပြု)၀၀၀၄၁၆ တို့က အမှုတွဲအမှတ်(၅၄၈၁/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (ပ–၄)၊ ဦးပိုင်အမှတ်(၃၇)၊ ၆၁x၆၂ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးမောင်၏ (SPရရှိသူ ဒေါ်နွေးယုအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၄၅၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသော်ဇင် ၉/ခအဇ(နိုင်)၀၀၂၅၈၀၊ ဒေါ်ခိုင်ခိုင်ထွန်း ၉/ခအဇ(ပြု)၀၀၀၄၁၆ တို့က အမှုတွဲအမှတ်(၅၄၈၂/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ–၉)၊ ဦးပိုင်အမှတ်(၂၂)၊ ၇၂x၇၃လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြင်ငွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၅၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းချို ၅/ကနန(နိုင်)၀၄၉၁၅၃ က အမှုတွဲအမှတ်(၅၄၈၉/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ–၉)၊ ဦးပိုင်အမှတ်(၂၇)၊ ၇၂x၇၃လမ်းကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလေးမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၅၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းချို ၅/ကနန(နိုင်)၀၄၉၁၅၃ က အမှုတွဲအမှတ်(၅၄၉၀/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၅)၊ ၅၇x၅၈ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တွမ်ချိန်ခမ်း ၁၃/ကခန(နိုင်) ၀၀၈၈၄၃ က အမှုတွဲအမှတ်(၅၄၉၁/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၆)၊ ၅၇x၅၈ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တွမ်ချိန်ခမ်း ၁၃/ကခန(နိုင်)၀၀၈၈၄၃ က အမှုတွဲအမှတ်(၅၄၉၂/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ–၂)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၃x၇၄ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလိလွန်ဟန်၏ (GP ရရှိသူ ဦးနိုင်မင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၇၄/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်မြင့်ထွန်း ၉/ခအဇ(နိုင်)၀၁၈၄၂၂က အမှုတွဲအမှတ်(၅၄၉၄/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၄၉၊ ဦးပိုင်အမှတ် ၂၈၊ ၃၄x၃၅ကြား၊ ၈၇x၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးရာဂျူး ၁၃/ကမန(နိုင်)၀၉၃၈၈၂က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ခ–၅၊ ဦးပိုင်အမှတ် ၁၅–ခ၊ ၄၁ A လမ်း၊ ၆၆ x ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စန်းဝင်း ၁/မကတ(နိုင်)၀၀၆၆၇၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၇/၁၉၉၈) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်မောင်ဝင်း ၉/မရမ(နိုင်)၀၆၀၇၂၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက–၅၊ ဦးပိုင်အမှတ် ၃၁၊ ၁၀၁x၁၀၂ကြား၊ ၅၅x၅၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းလွင် ၃/ဘအန(နိုင်)၀၁၀၁၆၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၄/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြသွေး ၉/ခမစ(နိုင်)၀၀၁၃၃၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ–၁၅၊ ဦးပိုင်အမှတ် ၁/၆၀Bx၆၁ကြား၊ အောင်ဇေယျနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကိုလေး ၈/မကန(နိုင်)၀၇၄၄၇၃ AG–၃၃၄၂၃၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၆၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုမေ ၁၃/ကခန(နိုင်)၁၂၈၂၆၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ–၄၀)၊ ဦးပိုင်အမှတ် ၂၅/၅၅ x ၅၆ ကြား၊ မဏ္ဍလာနှင့် တပင်ရွှေထီး လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ခိုင် ၉/ပသက(နိုင်) ၀၈၂၈၈၃၊ ဒေါ်မာမာဝင်း ၅/မမတ(နိုင်)၀၇၅၄၆၂ တို့၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၅၄/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းအောင် ၉/မနမ(နိုင်)၀၇၆၅၅၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက နတ်ရေကန် Grade–11 မှ မောင်ကြယ်စင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းစံ ၇/သနပ(နိုင်)၀၇၆၆၄၂ ဖြစ်ပါကြောင်း။

**ဦးမင်းစံ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတက္ကသိုလ် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်း မြန်မာစာ ၄–မ–၁၁၅ မှ မယမင်းဦး ၇/သနပ(နိုင်)၁၅၆၃၈၇ ၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့် ၇/သနပ (နိုင်) ၀၁၈၀၀၀ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် ၁၃၉–ခ/၆၁ x ၆၂ ကြား၊ ၂၂ လမ်းရှိ ဦးစိုးမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးစိုးမြင့်၊ မိခင် ဒေါ်သန်းတို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်တင်တင်ကြူ ၉/အမဇ(နိုင်)၀၀၄၈၃၀ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ ဦးပိုင်အမှတ် ၄၁+၄၂+၅၅ က ၊ ၅၃ လမ်း၊ ၁၀၃ x ၁၀၄ ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးအောင်ကြီး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်လှမြင့် ၉/ပသက(နိုင်)၀၄၉၇၀၂ က တောဂရန် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ–၂)၊ ဦးပိုင်အမှတ် ၆၄/၅၉ လမ်း၊ ၁၁၀ x ၁၁၁ ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ခင်အုန်းမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၀၆၂/၂၀၀၆) ဖြင့် ဦးအောင်မြင့်၊ ဒေါ်သန်းသန်းမြင့်တို့က ဝယ်ယူခဲ့ပြီး ဇနီး ဒေါ်သန်းသန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးအောင်မြင့် ၉/မရတ(နိုင်)၀၅၉၄၄၃ က မြေချထားမိန့် ငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း တောဂရန် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ်(၉၉)၊ ၆၃လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဒေါ်သန်းသန်းငွေး၊ ဦးစိုးတင့်၊ ဒေါ်ခင်မာငွေး၊ ဒေါ်မော်မော်နိုင်၊ ဦးအေးမင်း အမည်ပေါက်ဂရန်မြေကွက်အား ပူးတွဲအမည်ပေါက်သူ ဒေါ်မော်မော်နိုင် (အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၅၈၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ပူးတွဲအမည်ပေါက်သူ ဒေါ်ခင်မာငွေး(မိမိကိုယ်တိုင်)၊ ဒေါ်သန်းသန်းငွေး၏ (အုပ်ထိန်းခွင့်ရရှိသူ ဒေါ်ခင်မာငွေး) ဦးစိုးတင့်၊ ဦးအေးမင်း တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၂၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ခိုင် ၅/တဆန(နိုင်)၀၈၅၂၂၃က အမှုတွဲအမှတ် ၅၄၇၂/၂၀၂၄–၂၀၂၅ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် (၁၂၇–င/ခဲစင်း) ၆၆ လမ်း၊ ၁၉ x ၂၀ လမ်းကြားရှိ ဒေါ်စုစုဝင်း၊ ဒေါ်နီလာအောင်၊ ဒေါ်သီတာအောင် အမည်ပေါက် ဂရန်မြေကွက်အား ၎င်းတို့(၃)ဦးအနက် ဒေါ်စုစုဝင်း၊ ဒေါ်နီလာအောင် တို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၁၄၁/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်သီတာအောင် ၉/မနမ(နိုင်)၁၁၄၆၀၃ က အမှုတွဲအမှတ် (၅၄၇၄/၂၀၂၄–၂၀၂၅) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နယ်၊ သရက်ကုန်းရွာနေ ဒေါ်အေးငွေ (ဘ) ဦးကျော်ရှိန်၊ ၉/လဝန(နိုင်)၁၅၀၀၇၈ ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် ၁၀–၁၂–၂၀၂၄ ရက်နေ့က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၄၃၀၄၅၈၅၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် (၁၂၇–င/ခဲစင်း) ၆၆ လမ်း၊ ၁၉ x ၂၀ လမ်းကြားရှိ ဒေါ်စုစုဝင်း၊ ဒေါ်နီလာအောင်၊ ဒေါ်သီတာအောင်တို့ အမည်ပေါက် ဂရန်မြေကွက်အား ၎င်းတို့(၃)ဦးအနက် ဒေါ်သီတာအောင် ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၁၄၂/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သူ ဒေါ်စုစုဝင်း ၉/မနမ(နိုင်)၀၅၉၈၁၃၊ ဒေါ်နီလာအောင် ၉/မနမ(နိုင်)၁၁၅၀၂၅ တို့က အမှုတွဲအမှတ် (၅၄၇၃/၂၀၂၄–၂၀၂၅) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/96629 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင်ကျော် ၁၄/ဟသတ(နိုင်)၂၇၅၇၁၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/82609 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးအောင် ၁၄/အဂပ(နိုင်)၂၁၂၀၅၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/95234 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myamar Co., Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန အသိအမှတ် ပြုဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.19. Med & Med Supplies and Reagents (2024–2025) |
| | | Tender.20. Equipment (2024–2025) |
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၀ -၁၂-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၇ - ၁ -၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အမည်မှန်

(ဘ) ဦးကြည်သိန်း ၇/သကန(နိုင်)၀၈၈၇၃၂ ၏သမီး ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း အထက Grade-12 မှ မထက်မြက်ဦး ၇/သကန(နိုင်) ၁၅၇၂၈၅ ၏ အမည်မှန်မှာ မထက်မြတ်ဦး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထ က(၁) Grade-7 တွင် ပညာသင်ကြားနေသော မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလှမိုးကျော် ၉/ရမသ(နိုင်) ၀၅၄၃၄၅ ဖြစ်ပါကြောင်း။

**ဦးလှမိုးကျော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (ဥသ-၂၁၀၁)၊ ဒေါ်ရီရီလွင်(ဘ)ဦးမောင်ထွန်း အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်လတ်လတ်ဝေ ၇/ပခန(နိုင်)၁၈၂၇၅၀(ဘ)ဦးတင်ထွန်း(ခ)ညီညီထွေးမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၅/၂၀၂၃ (၁၂-၁-၂၀၂၃) တင်ပြ၍ ဒေါ်ဖြိုးဖြိုးဝေ ၁၂/ပဇတ(နိုင်)၀၀၁၆၈၉(ဘ) ဦးတင်ထွန်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေဝတ်မှုံ(၅)လမ်း၊ ဦးပိုင်အမှတ်(၇၀-ခ)၊ မြို့မြေ၊ ဧရိယာ (၀ဒသမ၀၉၃)ဧကရှိမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် တိုက် နေအိမ်(၁)လုံးကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပုသိမ်မြို့၊ အမှတ်(၁) ရပ်ကွက်၊ ကွမ်းခြံ(ပန်းခြံလမ်း)၊ အမှတ်(၄၀၉)နေသူ ဦးဖြိုးဝေလွင် (ဘ)ဦးစိုးလွင်ဦး ၁၄/ပသန(နိုင်) ၂၀၃၀၀၅က ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ရွှေဝတ်မှုံ(၅)လမ်း၊ အမှတ်(၇၀-ခ)နေ ဒေါ်နုနုသန်း(ဘ)ဦးမြသန်း ၁၄/ပသန(နိုင်) ၀၀၀၃၃၃ထံမှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အဝက် ပေးထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားများပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ယင်းမြေကွက် အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စမ်းသီတာ (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၁၄)**
**အမှတ်(၁၃)၊ လွန်ကန်ရပ်၊ ပုသိမ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်တင်မာထွေး ၉/ပဥလ(နိုင်) ၀၃၇၄၅၂၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ ပြင်ဦးလွင်မြို့နေသူမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာရှိ သုံးတောင်အရှေ့၊ ကွင်းအမှတ် (၆၅၁-က)၊ ဦးပိုင်အမှတ် (၁၉/၅၆+၁၉/၅၇)၊ မြေဧရိယာ(၂ဒသမ၂၉)ဧကအတွင်းမှအကွက်အမှတ်(A-1+B1) (၉၈x၈၃)ပေ၊ (၇၉x၇၈)ပေအကျယ်ရှိ (၂)ကွက်တွဲမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးရှိန်ရှုကြား (ခ)ပြုံးချို (ဘ)ဦးရှိန်ရင်ချွန်း ၁၃/သပန(နိုင်)၀၁၄၆၂၁၊ မြန်မာ့မဏ္ဍိုင်သဘော်တိုက် (အခန်း-၅)၊ ရပ်ကွက်ကြီး(၃)နေသူထံမှ နှစ်ဦးသဘောတူ ရွာမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်နှင့် နှစ်ဦးသဘောတူမြေလွှဲပြောင်း ပေးခြင်းကတိစာချုပ်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော မြေဖြစ်ပါသည်။ ယခုအခါ ကျွန်မ ဒေါ်တင်မာထွေးမှ အထက်ဖော်ပြပါ မြေကွက်အား တရားဝင် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အား တရားဝင် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်မာထွေး ၉/ပဥလ(နိုင်) ၀၃၇၄၅၂**
**ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၈၈၉၀၅၅၅၅၀**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး တန်ဆောင်းမူလအလှူရှင်နှင့်ပတ်သက်သည့် မိသားစုဝင်များ သိရှိရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့၏ ကျက်သရေတော်ဆောင် သမိုင်းဝင် ရွှေမုဋ္ဌောမဟာ စေတီတော်မြတ် ကြီး၏ ရင်ပြင်တော်၊တနင်္လာထောင့်၌ ၁၉၆၄-ခုနှစ်က မူလအလှူရှင်များဖြစ်သော ဦးသန်းမောင်-ဒေါ်ကောက်တည်ဆောက်လှူဒါန်းခဲ့သည့်(ကျားပျံမကောက်)တန်ဆောင်းတော်ကြီးသည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ ယခုအခါတွင် အထက်ပါတန်ဆောင်းတော်ကြီးအား၊ မူလအလှူရှင် ဦးသန်းမောင်-ဒေါ်ကောက်(ကျားပျံမကောက်ဆေးလိပ်ခုံ)မိသားစုဝင်များအနေဖြင့် ပြန်လည်ပြင်ဆင်လှူဒါန်းမည်ဆိုပါက၊ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံသို့ (၂၀-၁-၂၀၂၅)ရက် နောက်ဆုံးထားပြီး ဆက်သွယ်ပေးနိုင်ကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ အစီအစဉ်ဖြင့် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ဦးဝေလင်း | ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ | ဖုန်း-၀၉-၉၆၀၂၃၆၄၈၇ |
| ဦးမင်းဇော်သိန်း | ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ | ဖုန်း-၀၉-၄၂၂၅၅၅၄၄၇ |
| ဦးလှအောင် | ရုံးအဖွဲ့မှူး | ဖုန်း-၀၉-၇၈၉၃၉၀၃၁၈ |
| ဂေါပကရုံး | ဖုန်း-၀၄၂-၂၄၂၇၇/ဖုန်း-၀၄၂-၂၅၂၉၈ | |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၁ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၅

မြန်မာ့စီးပွားရေးဘဏ်(ဘဏ်ခွဲ-၄) **နှင့်** ၁။ ဦးကျော်သူရ ၂။ ဒေါ်သိမ့်သိမ့်သူ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်၊ အမှတ်-၁၁၀ ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်-၁၆ နေ ၁။ ဦးကျော်သူရ၊ ၂။ ဒေါ်သိမ့်သိမ့်သူ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( သူဇာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး( ၃ )**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်ကောင်စီနယ်မြေနေ ဦးတင်မျိုးအောင် ၉/အစန(နိုင်)၁၃၃၆၂၈- ဒေါ်ကြည်မြဆင့် ၁၂/အစန(နိုင်)၁၇၁၃၃၅ တို့၏သမီး မကြည်စုလှိုင်မျိုးအား (၃၀-၉-၂၀၂၁)တွင် အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ-ဦးတင်မျိုးအောင်-ဒေါ်ကြည်မြဆင့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၁၇၇၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်မြင့် ၅/မရန(နိုင်)၁၈၀၄၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/52762, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီမြင့် ၅/ကဘလ(နိုင်)၁၄၀၄၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၀၆၀၉, Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဌေး ၅/ပလန(နိုင်)၀၀၄၄၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/77646 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဦး ၉/တတဥ(နိုင်)၀၈၁၇၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် (၁၆)၊ အကျယ်အဝန်း (၃၉ပေ ၆လက်မ × ၆၀ပေ)ရှိ ဦးချစ်သာ (S/ OKA- ၀၁၅၆၇၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်ထားဆွေ (၁၂/မဂတ (နိုင်) ၀၇၃၈၄၆) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ဖုန်း-၀၉ ၂၀၁၃၀၀၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ဦးကျော်မင်းစိုး (ဘ)ဦးပေါ ၉/မထလ(နိုင်)၁၇၃၀၇၀ နှင့် ဇနီး ဒေါ်စန်းရီ (ဘ)ဦးထွန်းစိန် ၉/မထလ(နိုင်)၁၇၅၉၄၇ တို့၏ သမီးဖြစ်သူ ဒေါ်မေသူစိုး ၉/မထလ(နိုင်)၂၆၇၈၇၇ သည် ၁၁-၁၂-၂၀၂၄ ရက်မှစ၍ မိဘတို့၏ ဆုံးမသြဝါဒမှုများကို မနာခံဘဲ မိမိသဘောအတိုင်း ကိစ္စအဝဝဆောင်ရွက်လုပ်ဆောင်နေသည့်အတွက် ဒေါ်မေသူစိုးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းမှန်သမျှ ကိစ္စအဝဝ၊ မိသားစုနှင့်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ဒေါ်မေသူစိုး အပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဖခင် - ဦးကျော်မင်းစိုး ၉/မထလ(နိုင်)၁၇၃၁၇၀**
**မိခင် - ဒေါ်စန်းရီ ၉/မထလ(နိုင်)၁၇၅၉၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက် ရပ်ကွက်၊ အကွက်အမှတ် ၃၀၆၊ ဦးပိုင်အမှတ်(၇.ပ)၊ ၃၂x၃၃လမ်းကြား၊ ၈၈x၈၉ လမ်းကြားရှိ ဦးချစ်ရွှေ၊ ဒေါ်တုတ်တုတ်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးချစ်ရွှေ၊ မိခင် ဒေါ်တုတ်တုတ်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၉၃၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်ကြသည့် ဒေါ်ကလျာဆွေ ၉/မနတ(နိုင်)၀၀၇၂၅၈၊ ဦးထွန်းနန္ဒာဆွေ ၉/မနတ(နိုင်)၀၀၇၃၈၀၊ ဒေါ်ဒွန္တာဆွေ ၉/မနတ(နိုင်)၀၉၇၂၈၄၊ ဒေါ်ကွန္တာဆွေ ၉/ခမစ(နိုင်)၀၀၇၄၄၄ တို့က အမှုတွဲအမှတ်(၅၅၆၂/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၉)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်သည် တသ တင်ကို MDYNW-၀၀၁၃၉၇ အမည်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပြီး ကျွန်တော် ဦးတင်မောင်စိုး ၉/မခန(နိုင်)၁၈၄၄၁၈ သည် အရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူနေထိုင်ခဲ့ပါသည်။ ယခုအခါ အကွက်အမှတ်(၈၈-၁၉)၊ ဦးပိုင်အမှတ်(၁၅) မြေကွက်၏ မြေချထားမိန့်၊ ငွေသွင်း ပြေစာများ အရောင်းအဝယ်စာချုပ်များမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနအသီးသီးတွင် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မောင်စိုး**
**အကွက်(၈၈-၁၉/၁၅)၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(BB/ မြနန္ဒာ)၊ ဦးပိုင်အမှတ် (၃၉)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ရွှေစင်ဆုညီ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/58221 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Auto R Y Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/93249 Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/9988 Toyota LANDCRUISER STATION WAGON (4x4) L ယာဉ်လက်ဝယ် ရှိသူ ဦးနေအောင် ၉/မလန(နိုင်)၁၁၂၅၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/93810 Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ Myanmar Padauk Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/1409 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myamar Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/66649 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိန္ဒြာသက်ထွန်း ၉/ခမစ(နိုင်)၀၅၆၂၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**(မန္တလေးမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၁ နှင့် ၅)**

**တောင်ကြီးမြို့နယ် တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၂**

ဒေါ်စုစန္ဒီဖြိုး(ခ)ဆုစန္ဒီဖြိုး နှင့် ဦးမျိုးနိုင်ဝင်း

(တရားလို) (တရားပြိုင်)

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄၈/၇) နေ ဦးမျိုးနိုင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုစန္ဒီဖြိုး(ခ)ဆုစန္ဒီဖြိုးက "လင်မယား ကွာရှင်းပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၀ နှင့်ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄၁**

၁။ ကိုစည်သူ နှင့် ဒေါ်စန်းစန်းအေး

၂။ ဒေါ်ဆုဝေဖြိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမိုးကျော်အောင်)

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသီလာလမ်း၊ အမှတ်(၃၉၃)နေ တရားရှုံး ဒေါ်စန်းစန်းအေး(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမိုးကျော်အောင်) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် (၁) တရားနိုင် ကိုစည်သူနှင့် (၂) တရားနိုင် ဒေါ်ဆုဝေဖြိုးတို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်(၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်နေ့) မွန်းမတည့်မီ( ၉:၃၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/23371 Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသဲမောင် ၁၄/လပတ(နိုင်)၂၀၄၈၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/22230 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ စိန်ရွှေရောင်ပြည့် ကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/88224 Shayan-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၉/မရမ(နိုင်)၀၈၈၅၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/52948 Kenbo -125 ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရှမ်းပြည်နယ်တရားလွှတ်တော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃**

ဒေါ်နွယ်နွယ်စိုး နှင့် ၁။ ဒေါ်သန္တာအောင်(ခ) နန်းသန္တာကို

၂။ ဦးဇာနည်လွင်မြင့်

**တရားလို** **တရားပြိုင်များ**

အမှတ်(၉၃)၊ မြတ်လေးလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့နေ ၁။ ဒေါ်သန္တာအောင် (ခ)နန်းသန္တာကို၊ ၂။ ဦးဇာနည်လွင်မြင့်(အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေကျပ် (၅၉၀၅၅၀၀၀၀၀/-)(ငွေကျပ် ငါးသောင်းကိုးထောင်ငါးဆယ့်ငါးသိန်း)ကို နိုင်ငံတော်မှ သတ်မှတ်သည့် အတိုးနှုန်းနှင့်တကွ ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

---

**အများသိစေရန်ကြေညာချက်**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မလိခလမ်းနှင့် စံပါယ်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/အနော်ရထာစက်မှုဇုန်)၊ မြေကွက်အမှတ်( V-1)တွင် အုတ်ခြစ်စည်းရိုးပတ်လည်ကာရံခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၂ ခုနှစ်ထုတ် စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့် အမည်ပေါက် ဒေါ်ခင်ခင်ထွေး (၉/အမဇ(နိုင်)၀၀၀၀၅၀)နှင့် ဒေါ်အိအိထွေး (၉/အမဇ(နိုင်)၀၀၆၅၁၄)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှာ သက်တမ်း ကျော်လွန်နေပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/ အကွက်အမှတ် (၂ / ပဒေသာ )၊ ဦးပိုင်အမှတ် ( ၅၉၀ + ၅၉၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးယဲန်းတူးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်ရှိ အကွက်အမှတ် (၃၄၊ ကုန်းသာကျောင်းရပ်)၊ ဦးပိုင်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၇) ဧရိယာ ၀ ဒသမ ၁၇၈ ဧကရှိ ဂရန်အမှုတွဲအမှတ် RPNO (၁၈၃-၅၆/၅၇)အရ ဦးအောင်ကြီးမှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော မြေးဖြစ်သူ ဒေါ်အုန်းမြင့်သည် တောင်ကြီးမြို့နယ် စာချုပ်စာတမ်းရုံး၏ ၆-၇-၁၉၉၃ ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ်-၃၆၃/၉၃အရ အနောက်ဘက်ခြမ်းကို ဦးဘဝင်းအားလည်းကောင်း၊ ဦးဘဝင်းမှ ဦးစံညွန့်ထံသို့လည်းကောင်း၊ အရှေ့ဘက်ခြမ်းကို ဦးလှမိုး၏ ဇနီးဖြစ်သူ ဒေါ်ရီရီမြင့်ထံသို့ ခွဲစိတ်ရောင်းချခဲ့ပြီးဖြစ်၍ ၎င်းမြေကွက်မှ ခွဲစိတ်ဖြစ်ပေါ်လာသော မြေကွက်အမှတ်-၁၇/၂၉၇၊ ဦးပိုင်အမှတ် (၁၃-က)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကအား ဦးစံညွန့်မှ ပိုင်ဆိုင်ခဲ့ပြီး ဦးမြမှ ဒေါ်မာလာမြင့်ထံသို့ တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၉-၁၀-၂၀၀၆ရက်စွဲပါ စာချုပ်အမှတ် (၂၈၀/၂၀၀၆)ဖြင့် အပြီးအပိုင် စွန့်လွှတ်ပေးကမ်းထားပြီး ဒေါ်မာလာမြင့်မှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနော်ဇီးရာမောက်နှင့် ဒေါ်ခင်ပြုံးထံသို့ တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၇-၄-၂၀၂၃ ရက်စွဲပါ စာချုပ်အမှတ်- ၁၅၁/၂၀၂၃ ဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ဦးနော်ဇီးရာမောက်၊ ဒေါ်ခင်ပြုံးတို့က ဝယ်ယူခဲ့ပါသည်။ အထက်ဖော်ပြပါ တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးစီးဌာန၏ မြေငှားဂရန်အမှတ်- R.P.NO(၁၈၃-၅၆/၅၇)မှာ ပျောက်ဆုံးသွားခဲ့ပါသည်။

အဆိုပါ အိမ်မြေဥပစာ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းအပါအဝင် မြေကွက်နှင့်ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မည်သူမဆို အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် သတင်းစာ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက မြေငှားဂရန်အမည်ပြောင်းလဲခြင်းအပါအဝင် မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနော်ဇီးရာမောက်နှင့် ဒေါ်ခင်ပြုံး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း (LL.B., LL.M.)**
**တရားလွှတ်တော်ရှေ့နေ**
**( စဉ်-၈၆၂၅/ ၂၀-၁၂-၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/22307 Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုး ၉/ပကခ(နိုင်)၀၂၈၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/86268 Honda C90 Custom ယာဉ်လက်ဝယ် ရှိသူ ဒေါ်စန်းစန်းမေ ၉/မနမ(နိုင်)၀၄၅၀၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1R/1172, Nissan Sunny Saloon ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၈/ပဖန(နိုင်)၀၀၂၅၁၀ က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/60827,Honda Wave - 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထက်ခိုင် ၈/မဘန(နိုင်)၁၂၄၆၇၅ က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5B/1775, Nissan Condor, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၈/မကန(နိုင်)၀၅၀၁၄၅ က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

ကညန၊ တိုင်းရုံး(မကွေး)

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 16U/1070, Dayang- 200, Three Wheel(3x2) ယာဉ်လက်ဝယ်ရှိသူ မြတ်နိုးမွန် ကုမ္ပဏီလီမိတက်က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

ကညန၊ တိုင်းရုံး(မကွေး)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/85275 Yunde -110 ယာဉ်လက်ဝယ်ရှိသူ Dote Htawaddy Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/16113 Johnson-125 ယာဉ်လက်ဝယ်ရှိသူ Big Day Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/9765 Toyota Town Ace, Pick up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ်းသိမ်းဦး ၉/မနတ(နိုင်)၀၄၆၉၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

---

## အမည်ပြောင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ် (158/B) နေ နန်းအေး ခမ်းဟွမ် ၁၃/တကန(နိုင်) ၃၀၀၀၈၄ အား ယနေ့မှစ၍ မမြအသချေ်မင်း ဟု ပြောင်းလဲခေါ်ပါရန်။

---

## ဖခင်အမည်မှန်

ကျိုင်းတုံအဝေးသင်တက္ကသိုလ်၊ မြန်မာစာအထူးပြု၊ ၄မ-၉၅(၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မနွယ်နွယ်စိုး ၁၁/စတန(နိုင်) ၁၁၇၉၉၇ ၏ ဖခင်အမည်မှန်မှာ ဦးကြာအောင်ဖြူ ၁၁/ပတန(နိုင်) ၀၁၈၄၇၇ ဖြစ်ပါကြောင်း။

---

## ပတ်စ်ပို့ပျောက်

အေးသာယာမြို့၊ နယ်မြေ(၆)နေ (ဘ)ဦးအုပ် ၏သမီး မခင်နှင်းဝေ ၁၃/တကန(နိုင်)၀၁၇၀၂၁ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-575400)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၃၀၅၁၅၄၅

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့၊ အထက(၁)မှ အထက်တန်းပြဆရာ အောင်မိုးအေး နှင့် ခွန်အောင်မိုးအေး ၁၃/ပလန(နိုင်) ၀၆၂၀၅၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်၊ အထက (သက္ကလ) ကျောင်း၊ Grade-6 မှ မောင်နေဆန်း၏ မိဘအမည်မှန်မှာ ဦးရာဂျား ၇/ကဝန(ပြု) ၀၀၂၄၀၃ နှင့် ဒေါ်ကရပါရီ ၇/ကဝန(ခ)၀၀၀၂၅၈ ဖြစ်ပါကြောင်း။**ဦးရာဂျား-ဒေါ်ကရပါရီ**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/8576 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

## မွေးသက္ကရာဇ်မှန်

ပင်းတယမြို့၊ ဆင်ခေါင်းရပ်ကွက်နေ ဦးမိုးကိုကို၏ သမီး အထက (ကြို့သက်) Grade-9 မှ မမေယမုံမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၂၀၀၉ ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4S/8758, Toyota Hilux ADVENTURE ယာဉ်လက်ဝယ်ရှိသူ ဦးကြို့ကျင်းချန် ၁၃/လကန(နိုင်)၀၀၅၉၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/77643 Wanqiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၉/မတရ(နိုင်)၀၄၅၃၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

---

## မွေးသက္ကရာဇ်မှန် ဖခင်မှန်

တောင်ကြီးမြို့၊ ဓမ္မဝိဒူပရဟိတ ဘ/က နှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ Grade-7 မှ နန်းချယ်ရီဖွေး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၁-၂၀၁၁ နှင့် ဖခင်အမည်မှန်မှာ ဦးပေါ် ၁၃/ပလန(နိုင်)၀၂၂၁၀၆ ဖြစ်ပါကြောင်း။

---

## သွေးသည် အသက်

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို ၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် ၁၈-၁၂-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း - ဒေါ်ခင်ဆွေဝင်း**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက် (၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့်သည် (၁၈-၁၂-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**ပညာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို ၏ ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကို၊ ဦး ဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကိုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီ ရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏ အဘွား ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်ဇနီး၊ သင်ကြား/စီမံဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြသန်း
### စက်မှုလယ်ယာဦးစီးဌာန(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တိုက်ချွန်းလမ်းနေ (ဦးသိန်းမောင်-ဒေါ်မြသင်) တို့၏သား၊ (ဒေါ်ညွန့်ညွန့်ခင်) ၏ခင်ပွန်း၊ (ဒေါ်စိုးစိုးသန်း)၊ ဦးမျိုးသန်း-ဒေါ်မျိုးသူဇာခိုင်၊ ဒေါ်ချိုချိုသန်း(ဦးစီးအရာရှိ၊ စက်မှု လယ်ယာဦးစီးဌာန၊ ဧရာဝတီတိုင်းရုံး၊ ပုသိမ်မြို့)တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေးနှစ်ယောက် တို့၏အဘိုး၊ ဦးမြသန်း အသက်(၈၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်အနိစ္စရောက်ရှိ သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၁၂-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ၊ ဓမ္မာရုံ၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် အလှူဒါယကာကြီး
## ဦးခင်မောင်ဇင် (ဌာနမှူး-ငြိမ်း)
### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၆၈)နှစ်

(ဦးအောင်မြင့်-ဒေါ်ခင်ခင်အေး) တို့၏ ပဥ္စမမြောက်သား၊ (ဦးမြသိန်း-ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဦးကျော်သိန်း၊ ဦးစည်သူ-ဒေါက်တာမေမြတ်သူ တို့၏အစ်ကို၊ ဦးနေလင်းဌေး-ဒေါက်တာတင်မိုးဇင်၊ ဦးမျိုးအောင်ကိုကို -ဒေါ်တင်စိုးဇင်၊ ကိုသိန်းမျိုးဇင် တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မကြယ်စင်မိုးထက် @ Stella ၏အဘိုး၊ ဒေါက်တာ စိုးမိုးမိုး ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၆-၁၂-၂၀၂၄ရက် နံနက်၉:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁၂-၂၀၂၄ရက် နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီး ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၀၂:၀၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော် ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများ**
**စက်မှုဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွန့် အသက်(၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ ရက် နံနက် ၀၂:၀၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို၏ဇနီး ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက် (၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကိုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက် နံနက် ၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဦးမြင့်စိုး)-ဒေါ်ကံစိန်**
**မန်နေဂျာ(ငြိမ်း)**
**ဗဟိုသမဝါယမအသင်း**
**(ရွှေယုန်မင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြဂန္ဓမာဈေးရုံအမှတ် (ရုံသစ် ၅)၊ ဆိုင်အမှတ် (၂၃)၏ ဆိုင်အငှားချထားခြင်းခံရသူ အမည်ပေါက် ဦးစိုးခိုင် ၁၂/လမန(နိုင်)၀၅၃၅၃၁ထံမှ ဦးသန်းနိုင် ၁၂/လသယ(နိုင်) ၀၁၂၃၁၆သည် ၈-၄-၂၀၂၂ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါဆိုင်ခန်းအား ဦးသန်းနိုင်၏ အမည်သို့ အမည် ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ၁၈-၁၂-၂၀၂၄ရက်မှ ၂၄-၁၂-၂၀၂၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**ဖုန်း-၀၉-၄၂၀၁၅၀၉၇၇**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် အသက်(၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် အသက်(၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ဝန်ထမ်းမိသားစု**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက် (၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွန့် အသက် (၇၇) နှစ်သည် ၁၈-၁၂-၂၀၂၄ရက် နံနက်(၀၂:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀) နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး၊ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့်**
**ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ**
**အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/7981 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ သစ်တော(၂)လမ်း၊ မြေကွက်အမှတ် (၁၀၉၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအုန်းညွန့် (DDE - ၁၅၄၆၉၁) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်စန္ဒာထွေး(ခ) ဒေါ်ဆွေဆွေဦး (၁၂/မဂတ (နိုင်) ၀၀၉၈၂၀)၊ (၂) ဦးဆွေလှိုင်ဦး (၁၂/မဂတ (နိုင်) ၀၇၉၇၇၈) နှင့် (၃) ဦးသက်လှိုင်ဦး (၁၂/မဂတ (နိုင်) ၀၉၇၆၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်သင်းသင်းနွယ် (၉/မမန(နိုင်)၀၄၄၀၄၈)၏ ဖခင်အမည်မှန်မှာ ဦးရွှေ(ခ)ဦးမောင်ရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေ(ခ)ဦးမောင်ရွှေ**

---

## ပျောက်ဆုံးကြောင်း

ဒေါ်ဇင်မာသိန်း ၁၄/မမက(နိုင်)၁၅၁၁၆၉အမည်ဖြင့် ရေယာဉ်အမည် ခိုင်မာကျော် DMA/DPP/၀၂၅၈ ရေယာဉ်၏ လိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉၃၃၃၂၅၉**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြည့်စုံအောင် ၇/ကပက(နိုင်)၀၈၄၅၇၅ ၏ နိုင်ငံကူးလက်မှတ် ID အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၂၄၈၆၃၈**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဒုန်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း Grade-9 မှ မောင်ငြိမ်းစည်သူဖြိုးနှင့် Grade-6 မှ မမေသဉ္ဇာနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးစာ(၈/စတရ(နိုင်)၀၂၄၈၀၀) ဖြစ်ပါကြောင်း။

**ဦးဖိုးစာ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/78014 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်ကျော် ၇/ဒဥန(နိုင်)၀၈၉၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/78014 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စံပယ်ဝင်း ၇/ဒဥန(နိုင်) ၁၄၇၅၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/76736 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မြင့် ၇/ကဝန(နိုင်)၁၀၃၁၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၆၈၀၀, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာကိုကို ၆/မမန(နိုင်)၁၃၇၀၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်၃၀အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၉၀၄၉၆, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်နိုးဟိန်း ၆/မမန(နိုင်) ၂၂၅၃၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၉၁၃၇၄, Honda Wave 100 NCX M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအေး ၆/တသရ(နိုင်) ၀၂၈၅၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

❖ "ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ . . .

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား" တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ အာဆင်နယ်က ပဲလေ့စ်ကိုနိုင်ပြီး နောက်တစ်ဆင့်တက်

ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အာဆင်နယ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဂါဘရီရယ် ဂျေဆူး အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် သုံးဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်အသင်းသည် အာဆင်နယ်အသင်း၏

စာမျက်နှာ ၁၅ ကော်လံ ၅ ■



ခရစ္စတယ်ပဲလေ့စ်အသင်းဘက်သို့ သွင်းဂိုးရယူပြီးနောက် အာဆင်နယ်တိုက်စစ်ကစားသမား ဂျေဆူးနှင့် အသင်းဖော်များ အောင်ပွဲခံစဉ်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား MRTV နှင့် ဆက်စပ်ရုပ်သံ၊ ရေဒီယို FMနှင့် Online တို့မှတိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနှစ်သာရရှိစွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားမစတင်မီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲမစတင်မီ ခေတ္တရပ်နားချိန်နှင့် ပွဲပြီးချိန်များ၌ နာမည်ကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်၍ မိဘပြည်သူများတိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV–HD၊ MRTV Sports ၊ MRTV Parliament ၊ MRTV Farmers' နှင့် MWD HD Channel ၊ MWD Variety HD Channel ၊ အကျိုးတူရုပ်သံလိုင်းများဖြစ်သော Channel 7 ၊ 5 plus ၊ Sports 1 ၊ MNTV ၊ M Channel ၊ Channel K ၊ Mahar Esport တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star ၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ပိတ်ပွဲအခမ်းအနားကို Fortune နှင့် YTV တို့မှလည်း Delay ပြသမှုဖြင့် ဆက်လက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ယနေ့ ဖတ် စ ရာ**

**ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၇


**တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၉

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ၃၆ နာရီအတွင်း အင်ဒရာပရာဒေ့ရှ်ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



## လာအိုနှင့်ပွဲတွင် အရေးပါသည့် နှစ်ဂိုးသွင်းယူပေးခဲ့သူ ဝင်းနိုင်ထွန်း အကောင်းဆုံးဆုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်းသည် ဒီဇင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားသည့် Asean Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်ဖြစ်သော လာအိုအသင်းနှင့် ပွဲတွင် အကောင်းဆုံးဆုရရှိသည်။

ဝင်းနိုင်ထွန်းသည် ယင်းပွဲတွင် မိနစ် ၂၀ ကျော်မှ လူစားဝင်ကစားခွင့်ရသော်လည်း မြန်မာအသင်းအတွက် ၈၇ မိနစ်တွင်

စာမျက်နှာ ၁၅ ကော်လံ ၅ ●

